| ၇။ | Trade and Logistics (ကုန်သွယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး) (မုံရွာစီးပွားရေးတက္ကသိုလ် ၌သာ ပို့ချမည်) | B.Econ (Trade and Logistics) |
| ၈။ | Entrepreneurship and Management (မိတ္ထီလာစီးပွားရေး တက္ကသိုလ်၌သာ ပို့ချမည်) | BEM |

- စီးပွားရေးတက္ကသိုလ် အသီးသီးသို့ သတ်မှတ်ထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝင်ခွင့်လျှောက်ထားပါက လျှောက်ထားသည့် စီးပွားရေးတက္ကသိုလ်၏ အနိမ့်ဆုံးအမှတ်မီလျှင် တက္ကသိုလ်က သတ်မှတ်ထားသော လက်ခံသင်ကြားမည့်ဦးရေ၏ ၁၀% အထိ လက်ခံမည်။ **လျှောက်ထားလိုသော တက္ကသိုလ်ကို ဦးစားပေးအစီအစဉ်အလိုက်** ရေးသားဖော်ပြရပါမည်။

## (၂၄) ပညာရေးတက္ကသိုလ်များ

(က) ၂၀၂၅ ခုနှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သူ ဖြစ်ရမည်။

(ခ) အမျိုးသားဦးရေ ၅၀% နှင့် အမျိုးသမီးဦးရေ ၅၀% လက်ခံမည်။

(ဂ) ပေးအပ်မည့်ဘွဲ့မှာ ပညာရေးဘွဲ့ B.Ed. ဖြစ်ပြီး သင်တန်းကာလမှာ (၅)နှစ် ဖြစ်ပါသည်။

(ဃ) ပညာရေးတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားသူသည် မိမိကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/(ပြု)/(ဧည့်) နိုင်ငံသားလက်မှတ်

အမှတ်များကို အပြည့်အစုံဖော်ပြ၍ မိတ္တူကို တစ်ပါတည်းပူးတွဲ လျှောက်ထားရမည်။ တည်ဆဲနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ရန် လျှောက်ထားဆဲဖြစ်ပါက အမှန်တကယ် လျှောက်ထားဆဲဖြစ်ကြောင်း သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ထောက်ခံစာကို မပျက်မကွက် ပူးတွဲတင်ပြရမည်။

(င) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့တွင် အောက်ဖော်ပြပါ ဘာသာတွဲဖြင့် အောင်မြင်သူများမှ လျှောက်ထားနိုင်သည်-

- သိပ္ပံဘာသာရပ်အတွက် STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)
- ဝိပ္ပံဘာသာရပ်အတွက် STEAMS-2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ)
- ဝိဇ္ဇာဘာသာရပ်အတွက် STAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) နှင့် STAMS-2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ဘောဂဗေဒ၊ လူမှုရေးသိပ္ပံ (သမိုင်း+ ပထဝီဝင်))

(စ) ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများမှ ကျောင်းသား၊ ကျောင်းသူများအား ဝင်ခွင့်ပြုမည်။

(ဆ) စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ဒေသများမှ ကျောင်းသား၊ ကျောင်းသူများအား ဝင်ခွင့်ပြုမည်။

(ဇ) ပညာရေးတက္ကသိုလ်အသီးသီးသို့ ဝင်ခွင့်ပြုထားသည့် သတ်မှတ်ထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ

ဝင်ခွင့်လျှောက်ထားပါက သတ်မှတ်ထားသော လက်ခံသင်ကြားမည့်ဦးရေ၏ ၁၀% အထိ လက်ခံမည်။ လျှောက်ထားလိုသော တက္ကသိုလ်ကို ဦးစားပေး အစီအစဉ်အလိုက် ရေးသားဖော်ပြရပါမည်။

(ဈ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိသူများသည် သင်တန်းပြီးမြောက်အောင် တက်ရောက်ရမည်။ ဘွဲ့ရရှိပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် ဒေသမရွေး အနည်းဆုံး (၅)နှစ်ကြာ တာဝန်ထမ်းဆောင်ပါမည်ဟု ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(ည) ခံဝန်ချုပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ် ၁၀၀၀၀၀၀/- (ကျပ်တစ်ဆယ်သိန်းတိတိ) ပေးလျော်ရန်နှင့် ပညာသင်ကာလ တစ်လျှောက် နိုင်ငံတော်မှရယူခဲ့သော ထောက်ပံ့ကြေးငွေ၊ စားသောက်စရိတ်အားလုံးကို တစ်ပေါင်းတည်းပေးလျော်ရမည်။ ပေးလျော်ရန်ပျက်ကွက်ပါက တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခြင်းကိုလည်း ခံရမည်ဖြစ်ပါသည်။

(ဋ) အသေးစိတ်သိရှိလိုပါက ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဌာနမှူး(သင်တန်းရေးရာ)၊ ၀၉-၅၁၀၄၅၆၉၊ ဒု-ဌာနမှူး(သင်တန်းရေးရာ)၊ ၀၉-၄၂၈၀၀၄၆၃၃၊ မော်ကွန်းထိန်း (ကျောင်းသားရေးရာ)၊ ၀၉-၇၈၇၉၈၉၃၃၉၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ဒု-ဌာနမှူး(သင်တန်းရေးရာ)၊ ၀၉-၇၉၇၉၉၆၃၅၈၊ မော်ကွန်းထိန်း၊ ၀၉-၄၄၄၆၉၄၈၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

## (၂၅) နိုင်ငံခြားဘာသာတက္ကသိုလ်များ

(က) ၂၀၂၅ ခုနှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သူဖြစ်ရမည်။

(ခ) ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်သို့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ စာစစ်ဌာန အားလုံးမှ လျှောက်ထားနိုင်သည်။။

(ဂ) နိုင်ငံခြားဘာသာတက္ကသိုလ်များတွင် အင်္ဂလိပ်ဘာသာရပ် လျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ၌ အင်္ဂလိပ်ဘာသာရပ်ကို (၆၀)မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် သင်ကြားပို့ချသည့် English for Professional Communication ဘာသာရပ်ကို လျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ၌ အင်္ဂလိပ်ဘာသာရပ်ကို (၆၅)မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် သင်ကြားပို့ချသည့် English for Business Purposes ဘာသာရပ်ကို လျှောက်ထားလိုသူများ သည် တက္ကသိုလ်ဝင်စာမေးပွဲ၌ အင်္ဂလိပ်ဘာသာရပ်ကို (၆၀)မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်။

(ဃ) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။ မိမိကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/(ပြု)/(ဧည့်)ကို အပြည့်အစုံဖော်ပြ၍ မိတ္တူများကိုလည်း ပူးတွဲတင်ပြရမည်။ လျှောက်ထားသူသည် ဝင်ခွင့်လျှောက်ထားချိန်၌ မှတ်ပုံတင်လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေး၏ လျှောက်ထားဆဲဖြစ်ကြောင်း ထောက်ခံစာ (မူရင်း) ပူးတွဲတင်ပြရမည်။

(င) နိုင်ငံခြားဘာသာတက္ကသိုလ်များတွင် အောက်ဖော်ပြပါ ဘွဲ့သင်တန်းများ ဖွင့်လှစ်ပို့ချမည် ဖြစ်ပါသည်-

| **စဉ်** | **အထူးပြုဘာသာ** | **အပ်နှင်းမည့်ဘွဲ့** |
|---|---|---|
| ၁။ | တရုတ်ဘာသာ | B.A |
| ၂။ | အင်္ဂလိပ်ဘာသာ | B.A |
| ၃။ | ပြင်သစ်ဘာသာ | B.A |
| ၄။ | ဂျာမန်ဘာသာ | B.A |
| ၅။ | ဂျပန်ဘာသာ | B.A |

| စဉ် | အထူးပြုဘာသာ | အပ်နှင်းမည့်ဘွဲ့ |
|---|---|---|
| ၆။ | ကိုရီးယားဘာသာ | B.A |
| ၇။ | ရုရှားဘာသာ | B.A |
| ၈။ | ထိုင်းဘာသာ | B.A |
| ၉။ | English for Professional Communication | B.A |
| ၁၀။ | English for Business Purposes | B.A |

(စ) အသေးစိတ်သိရှိလိုပါက ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ သင်တန်းရေးရာဌာန(ဌာနမှူး)၊ ၀၁၇-၅၁၃၁၉၀ နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန၊ ၀၉-၃၃၀၃၉၉၇၅၊ ၀၂-၄၀၆၁၄၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## (၂၆) ပညာရေးဒီဂရီကောလိပ်များ

(က) ၂၀၂၅ ခုနှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သူဖြစ်ရမည်။

(ခ) ပညာရေးဒီဂရီကောလိပ် (၂၅)ကျောင်းတွင် ကျောင်းအလိုက် ဝင်ဆံ့အင်အားအရ လက်ခံမည်။

(ဂ) ပေးအပ်မည့်ဘွဲ့မှာ B.Sc. (Education)/ B.A. (Education) ဖြစ်ပြီး သင်တန်းကာလမှာ (၄)နှစ် ဖြစ်ပါသည်။

(ဃ) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/(ပြု)/ (ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။

(င) ပညာရေးဒီဂရီကောလိပ်သို့ တက်ရောက်ခွင့်ရရှိသူများသည် သင်တန်းကို ပြီးဆုံးအောင် တက်ရောက်ရမည်။ ဘွဲ့ရရှိပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ်ကြာ တာဝန်ထမ်းဆောင်ပါမည်ဟု ဝန်ခံကတိလက်မှတ် ရေးထိုးရမည်။

(စ) ဆရာ၊ ဆရာမအဖြစ် ခန့်ထားပါက ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) ပညာရေးဒီဂရီကောလိပ်များမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာနိုင်သူ ဖြစ်ရမည်။

(ဇ) ခံဝန်ချုပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လျော်ကြေးငွေ ကျပ် **၁၀၀၀၀၀၀/-(ကျပ်တစ်ဆယ်သိန်းတိတိ)**ကို ပေးလျော်ရန်နှင့် ပညာသင်ကာလ တစ်လျှောက် နိုင်ငံတော်မှရယူခဲ့သော ထောက်ပံ့ကြေးငွေ၊ စားသောက်စရိတ်အားလုံးကို တစ်ပေါင်းတည်း ပေးလျော်ရမည်။ ပေးလျော်ရန်ပျက်ကွက်ပါက တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခြင်းကိုလည်း ခံရမည်ဖြစ်ပါသည်။

(ဈ) **<u>သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များတွင် လူတွေ့နှုတ်ဖြေ</u>**စစ်ဆေးခြင်းကို အောင်မြင်သူများသာ တက်ရောက်ခွင့်ရရှိမည်။

(ည) ပညာရေးဒီဂရီကောလိပ်သို့ တက်ရောက်ခွင့်ရရှိသူများသည် မိမိတို့ ဝင်ခွင့်ရရှိသည့် ပညာရေးဒီဂရီကောလိပ်၌သာ သင်တန်းပြီးမြောက်အောင် တက်ရောက်ရမည်။

(ဋ) အခြားပညာရေးဒီဂရီကောလိပ်များသို့ ပြောင်းရွှေ့တက်ရောက်ခြင်းအား ခွင့်ပြုမည်မဟုတ်ပါ။

(ဌ) ပညာရေးဒီဂရီကောလိပ်သို့ တက်ရောက်ခွင့်ရရှိသူများသည် အိမ်ထောင်မပြုဖူးသူ အပျို/လူပျို ဖြစ်ရမည်။

**ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များပို့ချသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များ**

၄။ (က) ဝိဇ္ဇာနှင့်သိပ္ပံအထူးပြုဘာသာရပ်များ ပို့ချသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များစာရင်းကို စာမျက်နှာ (၈ မှ ၂၁)တွင် ဖော်ပြထားပါသည်။

(ခ) ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်များအနက်မှ အောက်ဖော်ပြပါအထူးပြုဘာသာရပ်များ သင်ယူလိုသူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲ နိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။ မိမိကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံသားလက်မှတ် အမှတ်များကို အပြည့်အစုံဖော်ပြ၍ မိတ္တူများကိုလည်း ပူးတွဲတင်ပြရမည်။ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ရန်လျှောက်ထားဆဲဖြစ်ပါကလည်း အမှန်တကယ် လျှောက်ထားဆဲဖြစ်ကြောင်း သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၏ ထောက်ခံစာ(မူရင်း)ကို မပျက်မကွက် (မပျက်မကွက်) ပူးတွဲတင်ပြရမည်-

(၁) အဏ္ဏဝါသိပ္ပံ

(၂) ကုန်ထုတ်ဓာတုဗေဒ

(၃) ဘူမိဗေဒ

(၄) နိုင်ငံတကာဆက်ဆံရေးပညာ

(၅) နိုင်ငံရေးသိပ္ပံ

(၆) နျူကလီးယားရူပဗေဒ

(၇) ဥပဒေပညာ

(၈) ကွန်ပျူတာသိပ္ပံ

(၉) စီးပွားရေးဆိုင်ရာသတင်းအချက်အလက်နည်းပညာ

(ဂ) အပိုဒ်(၄) အပိုဒ်ခွဲ(ခ)ပါ လိုအပ်ချက်များအပြင် အချို့အထူးပြုဘာသာရပ်များအတွက် တစ်ဖက်ပါလိုအပ်ချက်များ ထပ်မံပြည့်စုံရပါမည်-

**(၁) အထွေထွေဝါသိပ္ပံ**

(ကက) ၂၀၂၅ ခုနှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) ဘာသာတွဲဖြင့် အောင်မြင်သူများ၊ STEAMS-2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ) ဘာသာတွဲဖြင့် အောင်မြင်သူများ ဖြစ်ရမည်။

(ခ ခ) လူတွေ့စစ်ဆေးခြင်းခံရမည်။

(ဂ ဂ) **မိမိလျှောက်ထားလိုသည့် တက္ကသိုလ်၏အမည်ကို ဦးစားပေးအစီအစဉ်အလိုက် အသေးစိတ် ဖော်ပြရမည်။** (သင်ကြားသည့် တက္ကသိုလ်များကို စာမျက်နှာ (၈)တွင် ဖော်ပြထားပါသည်။)

**(၂) ကုန်ထုတ်ဓာတုဗေဒ**

လူတွေ့စစ်ဆေးခြင်းခံရမည်။

**(၃) ဘူမိဗေဒ**

(ကက) အမျိုးသမီးဦးရေကို တက္ကသိုလ်အလိုက် ဝင်ခွင့်ပြုဦးရေ၏ ၁၀% အထိသာ လက်ခံမည်။

(ခခ) သတ်မှတ်ထားသော စည်းမျဉ်းနှင့်အညီ မိုင်(၂၀) လမ်းလျှောက်နိုင်ရမည်။

(ဂဂ) ကျန်းမာရေး (က)အဆင့် ရှိရမည်။ ရုပ်လုံးကြွစစ်ဆေးခြင်း၊ အရောင်ခွဲခြားနိုင်မှုစွမ်းရည် စစ်ဆေးခြင်းခံရမည်။

**(၄) နိုင်ငံတကာဆက်ဆံရေးပညာ**

လူတွေ့စစ်ဆေးခြင်း ခံရမည်။

**(၅) နျူကလီးယားရူပဗေဒ**

(ကက) ဒဂုံတက္ကသိုလ်သို့ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့်

ရောဝတီတိုင်းဒေသကြီးများမှ ကျောင်းသား၊ ကျောင်းသူများအား ဝင်ခွင့်ပြုမည်။

(ခခ) ရတနာပုံတက္ကသိုလ်သို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ဒေသများမှ ကျောင်းသား၊ ကျောင်းသူများအား ဝင်ခွင့်ပြုမည်။

(ဂဂ) နျူကလီးယားရူပဗေဒဘာသာရပ်သို့ လျှောက်ထားလိုသူများသည် ရူပဗေဒ နှင့် သင်္ချာ (၂)ဘာသာပေါင်း ရမှတ် (၁၂၀)မှတ်နှင့်အထက် သို့မဟုတ် ရူပဗေဒနှင့် ဓာတုဗေဒ (၂)ဘာသာပေါင်း ရမှတ်(၁၂၀)မှတ်နှင့်အထက် ရရှိရမည်။

**(၆) အားကစားပညာ**

(ကက) ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူများသာ လျှောက်ထားနိုင်သည်-

- STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)
- STEAMS-2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ)
- STAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ)

(ခခ) Naypyitaw State Academy တွင် ကျောင်းသား၊ကျောင်းသူ (၃၀)ဦး၊ ဒဂုံတက္ကသိုလ်တွင် ကျောင်းသား၊ကျောင်းသူ(၅၀)ဦးနှင့် ရတနာပုံတက္ကသိုလ်တွင် ကျောင်းသား၊ကျောင်းသူ (၅၀)ဦး စုစုပေါင်း(၁၃၀)ဦး လက်ခံရာတွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ

အောင်မြင်သူ ၆၀% တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်မြင်သူများမှ ၄၀% အခြေခံအားဖြင့် သတ်မှတ်ရွေးချယ်မည်။

(ဂဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ၄၀% မှ ရွေးချယ်ရာတွင် အမျိုးသားဦးရေ ၆၀% နှင့် အမျိုးသမီးဦးရေ ၄၀% အခြေခံအားဖြင့် သတ်မှတ် လက်ခံမည်။

(ဃဃ) Naypyitaw State Academy သို့ နေပြည်တော်တွင် တာဝန်ထမ်းဆောင် လျက်ရှိသော နိုင်ငံ့ဝန်ထမ်းမိသားစုများ၏ သားသမီးများနှင့် ပြည်ထောင်စု နယ်မြေနေပြည်တော် မြို့နယ်များရှိ ဒေသခံပြည်သူများ၏ သားသမီး များမှ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများအား ဦးစားပေးရွေးချယ် လက်ခံမည်။

(ငင) သင်တန်းကာလ(၄)နှစ်ဖြစ်ပါသည်။ အပ်နှင်းသောဘွဲ့မှာ သိပ္ပံဘွဲ့ (အားကစား) B.Sc(Sports) ဖြစ်ပါသည်။

(စစ) အားကစားသိပ္ပံပညာ ပြည့်ဝသော နည်းပြနှင့် အားကစားပညာရှင်များ မွေးထုတ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး အားကစားပညာ ဘာသာရပ်နှင့် အားကစားနည်း ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားရာတွင် လုံလောက်သော ကြံ့ခိုင်မှုနှင့် လေ့လာသင်ယူနိုင်စွမ်း ရှိသည့် ကျန်းမာရေးနှင့် ပြည့်စုံသူဖြစ်ရန် လိုအပ်ပါသည်။ အားကစား ပညာဘွဲ့သင်တန်းသို့ တက်ရောက်လိုသူများသည် သတ်မှတ်ကျန်းမာရေး စစ်ဆေးမှုပုံစံအား သက်ဆိုင်ရာမြို့နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှရယူ၍ သက်ဆိုင်ရာ မြို့နယ်ဆရာဝန်ကြီး၏ ကျန်းမာသန်စွမ်း ကြောင်း ထောက်ခံချက်နှင့်အတူ ကြံ့ခိုင်ကြောင်း စစ်ဆေးခြင်း ခံယူရ မည်။

(ဆဆ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ဇဇ) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် အသက် (၂၁)နှစ်ထက် မကြီးသူ၊ အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။ (အသက်ငယ်ရွယ်သူများကို ဦးစားပေးမည်)

(ဈဈ) အခြေခံပညာကျောင်းပေါင်းစုံ အားကစား ပြိုင်ပွဲများ၌ အားကစားနည်း တစ်ခုခုတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် (သို့မဟုတ်) မြို့နယ်အဆင့် လက်ရွေးစင်ဖြစ်သူ အားကစားနည်း တစ်ခုခုတွင် ခရိုင်/မြို့နယ်အဆင့် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် ရရှိသူများကို ဦးစားပေးမည်။ (သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ် ပညာရေးမှူးနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ထောက်ခံချက် ပါရှိရမည်)

(ညည) နိုင်ငံတော်၏ အထောက်အပံ့ဖြင့် တက်ရောက်သင်ကြားသူများသည် ဌာနဆိုင်ရာ လိုအပ်ချက်ရှိပါက ဝန်ကြီးဌာနတစ်ခုခုတွင် အားကစားနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်ကို (၃)နှစ် ထမ်းဆောင်ရမည်ဖြစ်သည်။

**သတင်းစာများတွင် သီးခြားကြော်ငြာခေါ်ယူ၍ တိုက်ရိုက်လျှောက်ထားရမည့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်နှင့် ဒီဂရီကောလိပ်၊ ကောလိပ်များ**

၅။ သတင်းစာများတွင် သီးခြားကြော်ငြာခေါ်ယူ၍ တိုက်ရိုက်လျှောက်ထားရမည့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်နှင့် ဒီဂရီကောလိပ်၊ ကောလိပ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

**စဉ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်**

၁။ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်

၂။ မန္တလာတက္ကသိုလ် (BTHM ဘွဲ့သင်တန်း)

၃။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

၄။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း

၅။ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်၊ မအူပင်

၆။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း

**စဉ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်**

၇။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)

၈။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်များ

၉။ သမဝါယမကောလိပ်များ

၁၀။ ယွန်းပညာကောလိပ်၊ ပုဂံမြို့

၁၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ

၁၂။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

၁၃။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)

၁၄။ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)

## (၁) အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်

(က) ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်သို့ ဝင်ခွင့်လျှောက်ထားလိုသူများသည် သတင်းစာများမှ သီးခြားကြော်ငြာခေါ်ယူ၍ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (မိုလ်တထောင်မြို့နယ်)သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

(ခ) အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါ ဘွဲ့သင်တန်းများ ဖွင့်လှစ်ပို့ချမည် ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံသင်ကြားမည့်ဦးရေ |
|---|---|---|---|---|
| ၁။ | Bachelor of Business Management<br>စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာ | BBM | ၄ နှစ် | ၂၀၀ |

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံသင်ကြားမည့်ဦးရေ |
|---|---|---|---|---|
| ၂။ | Bachelor of Tourism and Hospitality Management ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုပညာ | BTHM | ၄ နှစ် | ၂၀၀ |
| ၃။ | Bachelor of Arts (English for Professional Purposes) လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ | B.A(EPP) | ၄ နှစ် | ၁၂၀ |
| ၄။ | Bachelor of Arts (Journalism) သတင်းအတတ်ပညာ | B.A (Journalism) | ၄ နှစ် | ၁၂၀ |
| ၅။ | Bachelor of Economics and Finance စီးပွားရေးနှင့်ဘဏ္ဍာရေး | BEF | ၄ နှစ် | ၂၀၀ |

**(၂) မန္တလာတက္ကသိုလ်**

(က) မန္တလာတက္ကသိုလ်တွင် အောက်ဖော်ပြပါ ဘွဲ့သင်တန်း ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံသင်ကြားမည့်ဦးရေ |
|---|---|---|---|---|
| ၁။ | Bachelor of Tourism and Hospitality Management (ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုပညာ) | BTHM | ၄ နှစ် | ၂၅၀ |

(ခ) ဝင်ခွင့်လျှောက်ထားလိုသူများသည် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူဖြစ်ရမည်။

(ဂ) မန္တလာတက္ကသိုလ်၏ Bachelor of Tourism and Hospitality Management (BTHM) သင်တန်း လျှောက်လွှာခေါ်ယူခြင်းများကို နှစ်စဉ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ၊ ရတနာပုံသတင်းစာနှင့် မန္တလေးသတင်းစာများတွင် ထည့်သွင်းကြေညာထားရှိမည်ဖြစ်ပြီး ဝင်ခွင့်လျှောက်လွှာများအား မန္တလာတက္ကသိုလ်တွင် လာရောက်ထုတ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး မန္တလာတက္ကသိုလ်တွင် သတ်မှတ်ရက်အတွင်း တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားလာခြင်းကို လက်ခံစဉ်းစားမည် မဟုတ်ပါ။ (အသေးစိတ်သိရှိလိုပါက မန္တလာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန၊ ၀၉-၉၈၄၇၇၆၆၇၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။)

## (၃) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

(က) သင်တန်းကာလ (၄)နှစ် ဖြစ်ပါသည်။

(ခ) ကျောင်းသား၊ ကျောင်းသူဦးရေကို ကျား (၁၅၀)ဦး၊ မ (၁၅၀)ဦး စုစုပေါင်း (၃၀၀)ဦး လက်ခံမည်။ အမျိုးသားဦးရေ ၅၀% နှင့် အမျိုးသမီးဦးရေ ၅၀% လက်ခံမည်။

(ဂ) အပ်နှင်းသောဘွဲ့မှာ စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc.) ဖြစ်ပါသည်။

(ဃ) ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ပြီးသော စိတ်ပါဝင်စားသူများအနေဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က သတင်းစာများတွင် သီးခြား ကြော်ငြာခေါ်ယူချိန်၌ လျှောက်ထားနိုင်သည်။

(င) ဝင်ခွင့်လျှောက်ထားသူသည် ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(စ) တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဆ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အနည်းဆုံး စုစုပေါင်းရမှတ် (၃၅၀)နှင့် အထက် ရရှိသူဖြစ်ရမည်။

(ဇ) ကွင်းလက်တွေ့လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်လေ့ကျင့် လုပ်ဆောင်ကြရမည်ဖြစ်သဖြင့် လျှောက်ထားသူများအနေဖြင့် ကျန်းမာရေး(က) အဆင့် ရှိရမည်။

(ဈ) သတင်းစာများမှ သီးခြားကြော်ငြာခေါ်ယူသည့်အခါ သတ်မှတ်ဖော်ပြသည့် သတင်းစာပါ လျှောက်လွှာပုံစံအတိုင်း A4 စာရွက်တွင် ကွန်ပျူတာစာစီပြီး လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော်သို့ တိုက်ရိုက် လျှောက်ထားရမည်။

(ည) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်တွင် တက်ရောက်ရန် ရွေးချယ်ခြင်းမခံရပါက ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန်အတွက် အခြားတက္ကသိုလ်များသို့ အချိန်မီတက်ရောက်နိုင်ရန် မိမိတို့လက်ခံရရှိထားသော တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာပုံစံဖြင့် လျှောက်ထားမှုများကိုလည်း အချိန်မီ ဆောင်ရွက်ထားရှိရန် လိုအပ်ပါသည်။

## (၄) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း

(က) တိရစ္ဆာန်ဆေးပညာဘွဲ့(DVM) သင်တန်းကာလ (၅)နှစ်နှင့် မွေးမြူရေးပညာဘွဲ့(BASc) သင်တန်းကာလ (၄)နှစ် ဘွဲ့ရအစီအစဉ် (၂)မျိုးအတွက် လျှောက်ထားနိုင်ပါသည်။

(ခ) တိရစ္ဆာန်ဆေးပညာဘွဲ့အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၄၁၀)မှတ်နှင့်အထက် ရရှိသူများ လျှောက်ထားနိုင်ပြီး အမျိုးသားဦးရေ (၇၅)ဦးနှင့် အမျိုးသမီးဦးရေ (၇၅)ဦး၊ စုစုပေါင်း (၁၅၀)ဦး လက်ခံမည်။

(ဂ) မွေးမြူရေးပညာဘွဲ့အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၃၅၀)မှတ်နှင့်အထက် ရရှိသူများ လျှောက်ထားနိုင်ပြီး အမျိုးသား

ဦးရေ (၇၅)ဦးနှင့် အမျိုးသမီးဦးရေ (၇၅)ဦး၊ စုစုပေါင်း (၁၅၀)ဦး လက်ခံမည်။

(ဃ) တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် မွေးမြူရေးပညာဘွဲ့အတွက် အမျိုးသားဦးရေ ၅၀% နှင့် အမျိုးသမီးဦးရေ ၅၀% လက်ခံမည်။

(င) ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) ဘာသာတွဲဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။

(စ) ဝင်ခွင့်လျှောက်ထားသူသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ဆ) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားလိုသူများသည် သတင်းစာမှ သီးခြားကြော်ငြာခေါ်ယူသည့်အခါ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ သတ်မှတ်လျှောက်လွှာပုံစံကို မိမိအစီအစဉ် နှင့် (A4 Size)စာရွက်ဖြင့် ကွန်ပျူတာစာစီ၍ သတ်မှတ်ရက်အတွင်း တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

(ဇ) ဤတက္ကသိုလ်တွင် တက်ရောက်ရန် ရွေးချယ်ခြင်းမခံရပါက ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန်အတွက် အခြားတက္ကသိုလ်များသို့ အချိန်မီတက်ရောက်နိုင်ရေး လျှောက်ထားမှုများပြုလုပ်ထားရန် လိုအပ်ပါသည်။

(ဈ) ပညာသင်ထောက်ပံ့ကြေးရယူသော ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် မွေးမြူရေးပညာဘွဲ့များ ရရှိပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် (၅)နှစ် (မဖြစ်မနေ) တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

**(၅) စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)**

(က) သင်တန်းကာလ(၄)နှစ် ဖြစ်ပါသည်။

(ခ) စိုက်ပျိုးရေးသိပ္ပံပညာအထူးပြု (၁၀၀)ဦးနှင့် မွေးမြူရေးပညာ အထူးပြု (၁၀၀)ဦး၊ စုစုပေါင်း(၂၀၀)ဦး လက်ခံမည်။ အမျိုးသားဦးရေ ၅၀% နှင့် အမျိုးသမီးဦးရေ ၅၀% လက်ခံမည်။

(ဂ) အပ်နှင်းသောဘွဲ့မှာ စိုက်ပျိုးရေးသိပ္ပံဘွဲ့၊ Bachelor of Agricultural Science (B.Agr.Sc.)နှင့် မွေးမြူရေးပညာဘွဲ့ Bachelor of Animal Science(B.A.Sc.) ဖြစ်ပါသည်။

(ဃ) ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ပြီးသော စိတ်ပါဝင်စားသူများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) က သတင်းစာများတွင် သီးခြားကြော်ငြာခေါ်ယူချိန်၌ လျှောက်ထားနိုင်သည်။

(င) ဝင်ခွင့်လျှောက်ထားသူသည် ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(စ) တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS (1) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာတို့ဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(ဆ) စိုက်ပျိုးရေးသိပ္ပံဘွဲ့၊ Bachelor of Agricultural Science (B.Agr.Sc.) နှင့် မွေးမြူရေးပညာဘွဲ့ Bachelor of Animal Science (B.A.Sc.) အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် အနည်းဆုံး စုစုပေါင်းရမှတ် (၃၅၀)နှင့်အထက် ရရှိသူဖြစ်ရမည်။

(ဇ) ကွင်းလက်တွေ့လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်လေ့ကျင့် လုပ်ဆောင်ကြရမည်ဖြစ်သဖြင့် လျှောက်ထားသူများအနေဖြင့် ကျန်းမာရေး(က) အဆင့် ရှိရမည်။

(ဈ) သတင်းစာများမှ သီးခြားကြော်ငြာခေါ်ယူသည့်အခါ သတ်မှတ်ဖော်ပြသည့် သတင်းစာပါ လျှောက်လွှာပုံစံအတိုင်း A4 စာရွက်တွင် ကွန်ပျူတာစာစီပြီး လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ဖော်ပြပါလိပ်စာအတိုင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)သို့ တိုက်ရိုက်လျှောက်ထားရမည်။

(ည) ပညာသင်ထောက်ပံ့ကြေး ရယူသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မွေးမြူရေးပညာဘွဲ့ ရရှိပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် (၅)နှစ် (မဖြစ်မနေ) တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

(ဋ) စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)တွင် တက်ရောက်ရန် ရွေးချယ်ခြင်းမခံရပါက ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန် အတွက် အခြားတက္ကသိုလ်များသို့ အချိန်မီ တက်ရောက်နိုင်ရေးအတွက် မိမိတို့ လက်ခံရရှိထားသော တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာပုံစံဖြင့် လျှောက်ထားမှုများကိုလည်း အချိန်မီဆောင်ရွက်ထားရှိရန် လိုအပ်ပါသည်။

## (၆) သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း

(က) သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ သစ်တောပညာ

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) ဘာသာတွဲဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်သည်။

(ဂ) သိပ္ပံဘွဲ့(သစ်တောပညာ) B.Sc Forestry အပ်နှင်းမည်။

(ဃ) သင်တန်းကာလ (၄)နှစ်ဖြစ်သည်။

(င) သိပ္ပံဘွဲ့(သစ်တောပညာ)အတွက် စုစုပေါင်းဦးရေ (၈၀)ဦး လက်ခံမည်။

(စ) သိပ္ပံဘွဲ့(သစ်တောပညာ)အတွက် အမျိုးသားဦးရေ(၆၄)ဦးနှင့် အမျိုးသမီး ဦးရေ(၁၆)ဦး ကို (၈၀:၂၀)ဖြင့် လက်ခံမည်။

(ဆ) ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၃၅၀)နှင့် အထက် ရရှိသူဖြစ်ရမည်။

(ဇ) ဝင်ခွင့်လျှောက်ထားသူသည် တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီ သော နိုင်ငံသားဖြစ်ရမည်။

(ဈ) သိပ္ပံဘွဲ့(သစ်တောပညာ)အတွက် လျှောက်ထားသူများသည် တောတွင်း လက်တွေ့ကွင်းဆင်း ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေး (က)အဆင့် ရှိပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်။

(ည) သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းသို့ ဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့ကြိုပထမနှစ် ဝင်ခွင့်လျှောက်ထားရန် သတင်းစာများမှ ကြော်ငြာခေါ်ယူသည့်အခါ သစ်တောနှင့်ပတ်ဝန်းကျင် ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်သို့ တိုက်ရိုက် လျှောက်ထား ရမည်။

## (၇) မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)

(က) ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲ တစ်ခုခုဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်-

(၁) STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)

(၂) STEAMS-2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ)

(ခ) ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/(ပြု)/(ဧည့်) ကိုင်ဆောင်ထားသူ ဖြစ်ရမည်။

(ဂ) မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့် စာစစ်ဌာန အားလုံးမှ အောင်မြင်သူများသည် မြန်မာသတင်းအချက်အလက်နည်းပညာ တက္ကသိုလ် (MIIT)သို့ ဝင်ခွင့်စာမေးပွဲလျှောက်လွှာ <u>တိုက်ရိုက်</u> လျှောက်ထား ရမည် ဖြစ်သည်။

(ဃ) ဝင်ခွင့်စာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး အောင်မြင်သူများကိုသာ လက်ခံ သင်ကြားပေးမည်ဖြစ်သည်။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို Computer–Based Exam ဖြင့် ဖြေဆိုရမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ စုစုပေါင်း ရမှတ်၏ ၄၀% နှင့် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရရှိသည့်အမှတ်၏ ၆၀% တို့ကို ပေါင်း၍ အမှတ်အများဆုံး ရရှိသူများကို တက္ကသိုလ်ဝင်ခွင့် ခေါ်ယူမည့် ဦးရေအပေါ် မူတည်၍ ရွေးချယ်တက်ရောက်စေမည် ဖြစ်ပါသည်။

(င) ဝင်ခွင့်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် လျှောက်လွှာထုတ်ယူရမည့်ရက်ကို မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံ သတင်းစာများမှ ကြေညာချက် ထုတ်ပြန်မည်ဖြစ်သည်။

(စ) စုစုပေါင်း ကျောင်းသား၊ ကျောင်းသူဦးရေ (၁၂၀)ဦး လက်ခံမည်။

(ဆ) သင်တန်းကာလမှာ (၅)နှစ်ဖြစ်၍ အောက်ဖော်ပြပါဘာသာရပ်များကို အဓိကသင်ကြားပေးမည်ဖြစ်ပြီး **Bachelor of Engineering (Honours) (B.E.(Hons.))** ဘွဲ့များကို အပ်နှင်းမည်ဖြစ်သည်-

၁။ ကွန်ပျူတာသိပ္ပံအင်ဂျင်နီယာ
Computer Science and Engineering

၂။ အီလက်ထရွန်နစ်ဆက်သွယ်ရေး အင်ဂျင်နီယာ
Electronics and Communications Engineering

## (၈) သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များ

(က) သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်/စစ်ကိုင်း)များသို့ လျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်)သို့ လျှောက်ထားခြင်းမပြုရပါ။ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်/စစ်ကိုင်း)များသို့ ဝင်ခွင့်လျှောက်ထားလိုသူများသည် သတင်းစာများမှ သီးခြားကြော်ငြာ ခေါ်ယူသည့်အခါ သက်ဆိုင်ရာတက္ကသိုလ်များသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် တိုက်ရိုက်လျှောက်ထားနိုင်ပါသည်-

| **စဉ်** | **တက္ကသိုလ်အမည်** | **သင်တန်းကာလ** | **လက်ခံမည့် သင်တန်းသား ဦးရေ** |
|---|---|---|---|
| ၁။ | သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ်(သန်လျင်) | ၄ နှစ် | ၅၀၀ |
| ၂။ | သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ်(စစ်ကိုင်း) | ၄ နှစ် | ၄၀၀ |

(ခ) လက်ခံမည့် အမျိုးသား၊ အမျိုးသမီးဦးရေ ကန့်သတ်ထားခြင်းမရှိပါ။

(ဂ) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်/စစ်ကိုင်း) တို့တွင် အောက်ဖော်ပြပါဘွဲ့များ အပ်နှင်းမည်ဖြစ်ပါသည်-

(၁) စီးပွားရေးသိပ္ပံဘွဲ့ (ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ)
B.BSc. (Regional Development)

(၂) စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်ပညာနှင့်ဘဏ္ဍာရေးပညာ)
B.BSc. (Accounting and Finance)

(၃) စီးပွားရေးသိပ္ပံဘွဲ့(အသုံးချစာရင်းအင်းပညာ)
B.BSc. (Applied Statistics)

(၄) စီးပွားရေးသိပ္ပံဘွဲ့ (ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ)
B.BSc. (Marketing Management)

(၅) စီးပွားရေးသိပ္ပံဘွဲ့ (လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ)
B.BSc. (Social Enterprise Management)

(ဃ) လျှောက်ထားသူများသည် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူဖြစ်ရမည်။

(င) သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ လျှောက်ထားလာသူများအနက် တက္ကသိုလ်အလိုက် လက်ခံနိုင်မည့်ဦးရေ သတ်မှတ်ချက်အရ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အပေါ် မူတည်၍ ရမှတ်အများအနည်းအလိုက် ရွေးချယ်သွားမည်။

(စ) သမဝါယမကောလိပ်များနှင့် ယွန်းပညာကောလိပ်(ပုဂံ)တို့မှ ဒီပလိုမာ ဒုတိယနှစ်သင်တန်းသို့ တက်ရောက်အောင်မြင်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်သူများသည် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) နှင့် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တို့တွင် သက်ဆိုင်ရာ အထူးပြုဘာသာရပ်အလိုက် တတိယနှစ်သင်တန်းသို့ တက်ရောက်ခွင့်ရှိပါသည်။

(ဆ) ဝင်ခွင့်ရရှိသူများသည် ကျောင်းအပ်နှံသည့်အချိန်တွင် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် (သို့မဟုတ်) အောင်မြင်ကြောင်း ထောက်ခံစာမူရင်း နှင့် အမှတ်စာရင်းမူရင်းကို တစ်ပါတည်း ယူဆောင်လာရမည်။ ဤတက္ကသိုလ်များတွင် တက်ရောက်ရန် ရွေးချယ်ခြင်းမခံရပါက ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန်အတွက် အခြား တက္ကသိုလ်များသို့ အချိန်မီတက်ရောက်နိုင်ရေး လျှောက်ထားမှု ပြုလုပ် ထားရန် လိုအပ်ပါသည်။

(ဇ) ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်တွင် နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ ဝင်ခွင့်လျှောက်ထားသူနှင့် ၎င်း၏မိဘ(၂)ပါးသည် အမျိုးသားမှတ်ပုံတင် အမှတ် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/(ပြု)/(ဧည့်) ကိုင်ဆောင်ထားသူ ဖြစ်ရမည်။

## (၉) သမဝါယမကောလိပ်များ

(က) သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန အောက်ရှိ သမဝါယမကောလိပ်(မန္တလေး/ဖောင်ကြီး)များသို့ လျှောက်ထား လိုသူများသည် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့် ပညာဦးစီးဌာန၊ ရန်ကုန်)သို့ လျှောက်ထားခြင်းမပြုရပါ။ ရုံးအမှတ်(၁၆)၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ သမဝါယမပညာပေးရေးနှင့် သတင်းပြန်ကြား ရေးဌာနစု(နေပြည်တော်)နှင့် သမဝါယမကောလိပ်များသို့ လျှောက်ထား ရန် ဖြစ်ပါသည်။ ဆက်သွယ်ရန်ခက်ခဲသည့်ဒေသရှိ လျှောက်ထားလိုသူ များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်သမဝါယမ ဦးစီးဌာနများတွင် လျှောက်ထားနိုင်ပါသည်-

| စဉ် | ကောလိပ်အမည် | သင်တန်းကာလ | လက်ခံမည့် သင်တန်းသားဦးရေ |
|---|---|---|---|
| ၁။ | သမဝါယမကောလိပ် (မန္တလေး) | ၂ နှစ် | ၂၅၀ |
| ၂။ | သမဝါယမကောလိပ် (ဖောင်ကြီး) | ၂ နှစ် | ၂၅၀ |

(ခ) လက်ခံမည့် အမျိုးသား၊ အမျိုးသမီးဦးရေ ကန့်သတ်ထားခြင်းမရှိပါ။

(ဂ) သမဝါယမကောလိပ် (မန္တလေး/ဖောင်ကြီး)တို့တွင် အောက်ဖော်ပြပါ ဒီပလိုမာများ အပ်နှင်းမည်ဖြစ်ပါသည်-

(ကက) လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဒီပလိုမာ
Diploma in Social Enterprise Management (Dip. S.E.M)

(ခခ) ဒေသဆိုင်ရာဖွံ့ဖြိုးမှုဒီပလိုမာ
Diploma in Regional Development (Dip. R.D)

(ဂဂ) စီးပွားရေးလုပ်ငန်းစာရင်းကိုင်ဒီပလိုမာ
Diploma in Business Accounting (Dip. B.Acct)

(ဃဃ) ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုဒီပလိုမာ
Diploma in Marketing Management (Dip. M.M)

(ငင) အသုံးချစာရင်းအင်းဒီပလိုမာ
Diploma in Applied Statistics (Dip. A.S)

(ဃ) လျှောက်ထားသူများသည် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူဖြစ်ရမည်။

(င) သမဝါယမကောလိပ်များသို့ လျှောက်ထားလာသူများအနက် ကောလိပ်အလိုက် လက်ခံနိုင်မည့်လူဦးရေ သတ်မှတ်ချက်အရ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အပေါ်မူတည်၍ ရမှတ်အများအနည်းအလိုက် ရွေးချယ်သွားမည်။

(စ) သမဝါယမကောလိပ်များနှင့် ယွန်းပညာကောလိပ်(ပုဂံ)တို့မှ ဒီပလိုမာ ဒုတိယနှစ်သင်တန်းသို့ တက်ရောက်အောင်မြင်ပြီး သတ်မှတ်ချက်နှင့်

ညီညွတ်သူများသည် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) နှင့် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တို့တွင် သက်ဆိုင်ရာ အထူးပြု ဘာသာရပ်အလိုက် တတိယနှစ်သင်တန်းသို့ တက်ရောက်ခွင့် ရှိပါသည်။

(ဆ) ဝင်ခွင့်ရရှိသူများသည် ကျောင်းအပ်နှံသည့်အချိန်တွင် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် သို့မဟုတ် အောင်မြင်ကြောင်း ထောက်ခံစာမူရင်းနှင့် အမှတ်စာရင်းမူရင်းကို တစ်ပါတည်း ယူဆောင်လာရမည်။ ဤကောလိပ်တွင် တက်ရောက်ရန် ရွေးချယ်ခြင်းမခံရပါက ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန်အတွက် အခြားတက္ကသိုလ်များသို့ အချိန်မီ တက်ရောက်နိုင်ရေး လျှောက်ထားမှုပြုလုပ်ထားရန် လိုအပ်ပါသည်။

(ဇ) ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်တွင် နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ ဝင်ခွင့်လျှောက်ထားသူနှင့် ၎င်း၏မိဘ(၂)ပါးသည် အမျိုးသားမှတ်ပုံတင် အမှတ် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/(ပြု)/(ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။

## (၁၀) ယွန်းပညာကောလိပ်၊ ပုဂံမြို့

(က) သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအောက်ရှိ ယွန်းပညာကောလိပ်(ပုဂံ)သို့ လျှောက်ထား လိုသူများသည် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့် ပညာဦးစီးဌာန၊ရန်ကုန်)သို့ တိုက်ရိုက်လျှောက်ထားခြင်းမပြုဘဲ ရုံးအမှတ် (၁၆)၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အသက်မွေးပညာ ဌာနခွဲ(နေပြည်တော်)နှင့် ယွန်းပညာကောလိပ်(ပုဂံ)သို့ လျှောက်ထားရန် ဖြစ်ပါသည်။ ဆက်သွယ်ရန်ခက်ခဲသည့်ဒေသရှိ လျှောက်ထားလိုသူများ သည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနများတွင် လျှောက်ထားနိုင်သည်။

(ခ) အပ်နှင်းသောဘွဲ့မှာ ယွန်းအတတ်ပညာဒီပလိုမာ Diploma in Lacquerware Technology ( Dip.L.T) ဖြစ်ပါသည်။

(ဂ) သင်တန်းကာလမှာ (၂)နှစ် ဖြစ်ပါသည်။

(ဃ) လက်ခံနိုင်သည့်ဦးရေမှာ (၁၀၀) ဦး ဖြစ်ပါသည်။

(င) လျှောက်ထားသူများသည် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူဖြစ်ရမည်။

(စ) လက်ခံမည့် အမျိုးသား၊ အမျိုးသမီးဦးရေ ကန့်သတ်ထားခြင်းမရှိပါ။

(ဆ) ယွန်းအတတ်ပညာဒီပလိုမာအောင်မြင်ပြီးသူများသည် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)နှင့် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တို့၏ တတိယနှစ်သို့ ပေါင်းကူးတက်ရောက်ခွင့်ရှိပါသည်။

(ဇ) ဝင်ခွင့်ရရှိသူများသည် ကျောင်းအပ်နှံသည့်အချိန်တွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်) အောင်မြင်ကြောင်း ထောက်ခံစာမူရင်းနှင့် အမှတ်စာရင်းမူရင်းကို တစ်ပါတည်း ယူဆောင်လာရမည်။

## (၁၁) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ

(က) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များသို့ လျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့၊ အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)သို့ လျှောက်ထားခြင်းမပြုရပါ။ တက္ကသိုလ်ဝင်စာမေးပွဲအား ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ် စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ၁/ဈ၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့သို့လည်းကောင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ် စာစစ်ဌာနများမှ အောင်မြင်

ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးသို့လည်းကောင်း သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် တိုက်ရိုက် လျှောက်ထားနိုင်ပါသည်။

(ခ) အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(၁) တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူဖြစ်ရမည်။

(၂) သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့်ကိုက်ညီသော ကိုယ်အင်္ဂါကျန်းမာသန်စွမ်းသူ ဖြစ်ရမည်။

(၃) အနုပညာဝါသနာပါသူဖြစ်ရမည်။

(၄) လူတွေ့စစ်ဆေးခြင်း ခံယူရမည်။

(၅) အမျိုးသား၊ အမျိုးသမီးဦးရေ(ရာခိုင်နှုန်း)မခွဲခြားပါ။

(၆) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/(ပြု)/(ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။ (မိတ္တူကို တစ်ပါတည်း ပူးတွဲလျှောက်ထားရမည်။)

(ဂ) အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များတွင် အောက်ဖော်ပြပါဘွဲ့သင်တန်းများ ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

| **စဉ်** | **အထူးပြုဘာသာ** | **သင်တန်းကာလ** | **အပ်နှင်းမည့်ဘွဲ့** | **လက်ခံမည့်ဦးရေ** | **မှတ်ချက်** |
|---|---|---|---|---|---|
| ၁။ | ဂီတ | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ဂီတ)<br>B.A(Music) | ၅၀ | အချိန်ပြည့် |
| ၂။ | သဘင် | ၄ နှစ် | ဝိဇ္ဇာဘွဲ့(သဘင်)<br>B.A(Dramatic Arts) | ၅၀ | အချိန်ပြည့် |
| ၃။ | ပန်းချီ | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ပန်းချီ)<br>B.A(Painting) | ၅၀ | အချိန်ပြည့် |

| စဉ် | အထူးပြု ဘာသာ | သင်တန်း ကာလ | အပ်နှင်းမည့်ဘွဲ့ | လက်ခံမည့် ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၄။ | ပန်းပု | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ပန်းပု) B.A(Sculpture) | ၅၀ | အချိန်ပြည့် |
| ၅။ | ရုပ်ရှင်နှင့် ပြဇာတ် | ၄ နှစ် | ဝိဇ္ဇာဘွဲ့ (ရုပ်ရှင်နှင့်ပြဇာတ်) B.A(Cinema and Drama) | ၅၀ | အချိန်ပြည့် |
| ၆။ | ယဉ်ကျေးမှု အမွေအနှစ် စီမံခန့်ခွဲမှု | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ယဉ်ကျေးမှု အမွေအနှစ်စီမံခန့်ခွဲမှု) B.A(Cultural Heritage Management) | ၅၀ | အချိန်ပြည့် |

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

| စဉ် | အထူးပြု ဘာသာ | သင်တန်း ကာလ | အပ်နှင်းမည့်ဘွဲ့ | လက်ခံမည့် ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဂီတ | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ဂီတ) B.A(Music) | ၅၀ | အချိန်ပြည့် |
| ၂။ | သဘင် | ၄ နှစ် | ဝိဇ္ဇာဘွဲ့(သဘင်) B.A(Dramatic Arts) | ၅၀ | အချိန်ပြည့် |
| ၃။ | ပန်းချီ | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ပန်းချီ) B.A(Painting) | ၅၀ | အချိန်ပြည့် |
| ၄။ | ပန်းပု | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ပန်းပု) B.A(Sculpture) | ၅၀ | အချိန်ပြည့် |
| ၅။ | ရုပ်ရှင်နှင့် ပြဇာတ် | ၄ နှစ် | ဝိဇ္ဇာဘွဲ့ (ရုပ်ရှင်နှင့်ပြဇာတ်) B.A(Cinema and Drama) | ၅၀ | အချိန်ပြည့် |

(ဃ) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် နှစ်စဉ် တစ်ဖက်ဖော်ပြပါ အချိန်ဇယားအတိုင်း သင်တန်းသားခေါ်ယူ ဖွင့်လှစ် သင်ကြား ပို့ချသွားမည်ဖြစ်ပါသည်-

(၁) လျှောက်လွှာခေါ်ယူခြင်း - ဇွန်လ၊ ဇူလိုင်လ

(၂) လူတွေ့စစ်ဆေးခြင်း - နိုဝင်ဘာလ၊ ဒုတိယပတ်

(၃) ဝင်ခွင့်ရရှိကြောင်းကြေညာခြင်း - နိုဝင်ဘာလ၊ တတိယပတ်

(၄) ပညာသင်နှစ်စတင်ဖွင့်လှစ်ခြင်း - နိုဝင်ဘာလ၊ စတုတ္ထပတ်

(င) အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာ B.A(Cultural Heritage Management) တွင် အောက်ဖော်ပြပါ ဘာသာရပ်များအား သင်ကြားပေးသွားမည် ဖြစ်ပါသည်-

၁။ ပြတိုက်ပညာဘာသာရပ်(Museology)

၂။ ယဉ်ကျေးမှုသမိုင်းစဉ်ဘာသာရပ်(Cultural Chronology)

၃။ ယဉ်ကျေးမှုအမွေအနှစ် ရေရှည်တည်တံ့ရေးစီမံခန့်ခွဲမှုပညာဘာသာရပ်
(Sustainable Cultural Heritage Management)

၄။ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဥပဒေများဘာသာရပ်
(Cultural Heritage Laws)

၅။ ကမ္ဘာ့အမွေအနှစ် လေ့လာမှုပညာဘာသာရပ်
(World Heritage Study)

၆။ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ သုတေသနဘာသာရပ်
(Cultural Heritage Research)

၇။ သုတေသနနည်းပညာဘာသာရပ်(Research Methodology)

(စ) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၏ လျှောက်လွှာခေါ်ယူခြင်းများကို နှစ်စဉ်ဇွန်လနှင့် ဇူလိုင်လများအတွင်း မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် အသေးစိတ်ထည့်သွင်း ကြေညာ

ထားရှိမည်ဖြစ်ပြီး လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)တို့၌ရယူ၍ အဆိုပါတက္ကသိုလ်များသို့ တိုက်ရိုက် လျှောက်ထားနိုင်ပါသည်။ (အသေးစိတ်သိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(ရန်ကုန်)၊ ဌာနမှူး(သင်တန်းရေးရာ)၊ ၀၉-၄၂၁၀၁၂၈၀၈ နှင့် မော်ကွန်းထိန်း၊ ၀၉-၇၈၈၁၈၉၁၈၀ သို့လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၊ ဌာနမှူး(သင်တန်းရေးရာ)၊ ၀၈၅-၄၇၄၀၁၈၄၊ ၀၉-၂၅၀၇၆၂၂၀၃ နှင့် မော်ကွန်းထိန်း၊ ၀၉-၄၀၀၄၀၄၁၇၂ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(၁၂) မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

(က) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူနှင့် ၎င်း၏မိဘ(၂)ဦးစလုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/(ပြု)/(ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။

(ခ) လုပ်ငန်းသဘောသဘာဝအရ အမျိုးသမီးဦးရေ (၂၀)ရာခိုင်နှုန်း အထိသာ လက်ခံနိုင်မည်ဖြစ်ပါသည်။

(ဂ) ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးစစ်ဆေးမှု ခံယူရမည်ဖြစ်ပြီး ကျန်းမာရေး(က)အဆင့် ရှိရမည်။

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၄၂၀)နှင့်အထက် ရရှိသူဖြစ်ရမည်။

(င) အမျိုးသမီးများသည် Marine Engineering, Marine Electrical Systems & Electronics Engineering နှင့် Nautical Science ဘာသာရပ်များမှလွဲ၍ အခြားဘာသာရပ်များကို လျှောက်ထားခွင့်ရှိသည်။

(စ) Marine Engineering ၊ Marine Electrical Systems & Electronics Engineering နှင့် Nautical Science ဘာသာရပ် လျှောက်ထားသူများ သည် သင်တန်း တက်ရောက်ခွင့်မပြုမီ မှန်ကန်စွာအရောင်ခွဲခြားနိုင်မှု စွမ်းရည် ရှိရမည်။ Nautical Science ဘာသာရပ်အတွက် မျက်မှန် တပ်ဆင်သူများ လျှောက်ထားခွင့်မရှိ။

(ဆ) မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် အောက်ဖော်ပြပါ ဘွဲ့ သင်တန်းများကို ဖွင့်လှစ်ပို့ချမည် ဖြစ်ပါသည်-

| **အထူးပြု ဘာသာရပ်** | **အပ်နှင်းမည့်ဘွဲ့** | **စုစုပေါင်း လက်ခံသင်ကြားမည့်ဦးရေ** |
|---|---|---|
| NA | B.E (NA) | ၃၆၀ |
| ME | B.E (ME) | |
| PH | B.E (PH) | |
| RC | B.E (RC) | |
| MESE | B.E (MESE) | |
| MM | B.E (MM) | |
| NS | B.Sc (Hons;) (NS) | |

**ဘွဲ့ဆိုင်ရာများအညွှန်း**

B.E(NA) - အင်ဂျင်နီယာဘွဲ့(ရေယာဉ်တည်ဆောက်မှု)
Bachelor of Engineering (Naval Architecture)

B.E(ME) - အင်ဂျင်နီယာဘွဲ့(ရေကြောင်းအင်ဂျင်နီယာ)
Bachelor of Engineering (Marine Engineering)

B.E(PH) - အင်ဂျင်နီယာဘွဲ့(ဆိပ်ကမ်းအင်ဂျင်နီယာ)
Bachelor of Engineering (Port and Harbour Engineering)

B.E(RC) - အင်ဂျင်နီယာဘွဲ့(မြစ်ချောင်းနှင့်ကမ်းရိုးတန်း အင်ဂျင်နီယာ)
Bachelor of Engineering (River and Coastal Engineering)

B.E(MESE) - အင်ဂျင်နီယာဘွဲ့(ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်အင်ဂျင်နီယာ)
Bachelor of Engineering (Marine Electrical Systems & Electronics Engineering)

B.E(MM) - အင်ဂျင်နီယာဘွဲ့(ရေကြောင်းစက်မှုအင်ဂျင်နီယာ)
Bachelor of Engineering (Marine Mechanical Engineering)

B.Sc(Hons;) (NS) - သိပ္ပံဂုဏ်ထူးဘွဲ့(ရေကြောင်းသိပ္ပံ)
Bachelor of Science (Honours) (Nautical Science)

အထက်ဖော်ပြပါအင်ဂျင်နီယာဘွဲ့သင်တန်းနှင့် သိပ္ပံ(ဂုဏ်ထူး)ဘွဲ့သင်တန်း အားလုံးအတွက် ပညာသင်ကာလ (၅)နှစ် တက်ရောက်ကြရမည် ဖြစ်သည်။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်ပေါ်မူတည်၍ အထူးပြုဘာသာရပ်များကို လိုင်းခွဲသွားမည်ဖြစ်ပါသည်။

(ဇ) ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူများသာ လျှောက်ထားခွင့်ရှိပါသည်-

(၁) STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)

(၂) STEAMS-2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ)

(ဈ) လူတွေ့စစ်ဆေးခြင်း ခံရမည်။

(ည) ပညာသင်ကာလအတွင်း Workshop Skills၊ သတ်မှတ်ထားသော ပင်လယ်ပြင် လုပ်သက်နှင့် တက္ကသိုလ်ပြင်ပတွင် တက်ရောက်ရမည့် အခြားသင်တန်းများကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဠ) မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လျှောက်ထားလိုသူများသည် သတင်းစာများတွင် သီးခြားကြော်ငြာ၍ လျှောက်လွှာခေါ်ယူမည် ဖြစ်ပါသဖြင့် တက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားကြရမည် ဖြစ်ပါသည်။

**(၁၃) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)**

| | | |
|---|---|---|
| ၁။ | **တက္ကသိုလ်အမည်နှင့်ဘာသာရပ်** | - ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပညာရေးဘွဲ့ဘာသာရပ်။ |
| ၂။ | **အပ်နှင်းသောဘွဲ့** | - ပညာရေးဘွဲ့(BEd) |
| ၃။ | **သင်တန်းကာလ** | - ၅ နှစ် |
| ၄။ | **လက်ခံမည့်ဦးရေစုစုပေါင်း** | - နှစ်စဉ်လျာထား ၃၂၀ ဦး ဖြစ်ပါသည်။ |
| ၅။ | **လက်ခံမည့် အမျိုးသား၊ အမျိုးသမီးဦးရေ ရာခိုင်နှုန်း** | - ကျောင်းသား ၂၅%၊ ကျောင်းသူ၇၅% |

၆။ **အခြားဖော်ပြလိုသော သီးခြားသတ်မှတ်ချက်**

(က) **အရည်အချင်းသတ်မှတ်ချက်**

(၁) သိပ္ပံဘာသာတွဲအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် ၃၇၀ နှင့်အထက် ရရှိသူများသည် အောက်ဖော်ပြပါဘာသာတွဲဖြင့် အောင်မြင်သူများမှ လျှောက်ထားနိုင်သည်-

- STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)

(၂) ဝိပ္ပံဘာသာတွဲအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် ၃၇၀ နှင့်အထက် ရရှိသူများသည် အောက်ဖော်ပြပါဘာသာတွဲဖြင့် အောင်မြင်သူများမှ လျှောက်ထားနိုင်သည်-

- STEAMS-2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ)

(၃) ဝိဇ္ဇာဘာသာတွဲအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်း ရမှတ် ၃၂၅ နှင့်အထက် ရရှိသူများသည် အောက်ဖော်ပြပါ ဘာသာတွဲဖြင့် အောင်မြင်သူများမှ လျှောက်ထားနိုင်သည်-

(ကက) STAMS - 1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ)

(ခခ) STAMS - 2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ဘောဂဗေဒ၊ လူမှုရေးသိပ္ပံ (ပထဝီဝင်+သမိုင်း)

(ခ) **သင်တန်းသားရွေးချယ်မှု**။ မြို့နယ်အလိုက် လျှောက်ထားနိုင်သည်။ တိုင်းဒေသကြီး/ပြည်နယ် သင်တန်းသားရွေးချယ်ရေးကော်မတီများမှ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးပြီး ပဏာမစိစစ်ရွေးချယ်ပါသည်။ ၎င်းတို့ အနက်မှ သင်တန်းသားရွေးချယ်ရေးဗဟိုကော်မတီမှ ထပ်မံစစ်ဆေး အတည်ပြုရွေးချယ်ခံရသူများသာ တက်ရောက်နိုင်သည်။

(ဂ) **စည်းကမ်းသတ်မှတ်ချက်များ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ရမည်။

(၂) အိမ်ထောင်မပြုဖူးသူ၊ အပျို၊ လူပျို ဖြစ်ရမည်။

(၃) နယ်စွန်နယ်ဖျားဒေသမှ ဦးစားပေးရွေးချယ်မည်။

(၄) မိဘမဲ့ သို့မဟုတ် မိမဲ့ သို့မဟုတ် ဘမဲ့များ ဦးစားပေး ရွေးချယ်မည်။

(၅) ဆင်းရဲနွမ်းပါးသူများ ဦးစားပေးရွေးချယ်မည်။

(၆) လျှောက်ထားသည့် ဒေသ(သို့မဟုတ်) မည်သည့်ဒေသတွင်မဆို တာဝန်ထမ်းဆောင်နိုင်မည့်သူဖြစ်ရမည်။

(၇) အစိုးရအထက်တန်းကျောင်းတွင် တက်ရောက်၍ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ ဦးစားပေးရွေးချယ်မည်။ (ကိုယ်ပိုင်အထက်တန်း

ကျောင်းတွင် အခကြေးငွေဖြင့်တက်ရောက်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအား ရွေးချယ်ခြင်း မပြုရန်။)

(၈) ကျောင်းဆင်း၍ ဘွဲ့ရရှိပြီးပါက နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ပါမည်ဟု ကိုယ်တိုင်ဝန်ခံကတိပြု လက်မှတ်ရေးထိုး၍ မိဘအုပ်ထိန်းသူတို့၏ သက်သေခံချက်နှင့် တာဝန်ယူအာမခံကြောင်း ထောက်ခံချက်ပါရှိရမည်။

(၉) သတ်မှတ်ထားသည့် စည်းကမ်းများကိုလိုက်နာရန်နှင့် လိုက်နာရန် ပျက်ကွက်ပါက နိုင်ငံတော်မှကျခံထားသော နှစ်အလိုက်ကုန်ကျသည့် စရိတ်ငွေများကို ပေးလျော်ရမည်။

(၁၀) ကျောင်းတက်ရောက်ခွင့်ရရှိပါက အထူးတံဆိပ်ခေါင်းပါရှိသည့် ဝန်ခံကတိပြုစာချုပ်တွင်ပါရှိသော အချက်အလက်များကို လိုက်နာမည်ဖြစ်ကြောင်း အသိသက်သေများနှင့်အတူ လက်မှတ်ရေးထိုးရမည်။

(ဃ) **နိုင်ငံတော်မှထောက်ပံ့မှု**။ နေစရိတ်၊ စားစရိတ်၊ အဝတ်အထည်နှင့် ပညာသင်ကြားစရိတ် အခမဲ့ဖြင့် ပညာသင်ကြားပေးသည်။

**(၁၄) ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)**

| | | | |
|---|---|---|---|
| ၁။ | **တက္ကသိုလ်အမည်နှင့် ဘာသာရပ်** | - | ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)၊ (ဝိဇ္ဇာဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ အင်္ဂလိပ်သာသာရပ်) |
| ၂။ | **အပ်နှင်းသောဘွဲ့** | - | ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်္ဂလိပ်အိုင် ဒီပလိုမာအောင်လက်မှတ် |

၃။ **သင်တန်းကာလ** - (က) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ ၄ နှစ်
(ခ) အေဂျီတီအိုင်ဒီပလိုမာ ၃ နှစ်

၄။ **လက်ခံမည့်ဦးရေစုစုပေါင်း** - နှစ်စဉ်လျာထား ၃၅၀ ဦး ဖြစ်ပါသည်။

၅။ **လက်ခံမည့် အမျိုးသား၊ အမျိုးသမီးဦးရေ ရာခိုင်နှုန်း** - ကျောင်းသား ၆၀%၊ ကျောင်းသူ ၄၀%

၆။ **အခြားဖော်ပြလိုသော သီးခြားသတ်မှတ်ချက်**

(က) **အရည်အချင်းသတ်မှတ်ချက်**

(၁) အင်ဂျင်နီယာအတတ်ပညာဒီပလိုမာ (A.G.T.I) သင်တန်းအတွက် သိပ္ပံဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းရမှတ် (၃၅၁)မှတ်နှင့်အထက် ရရှိသူများ၊ အင်္ဂလိပ်စာ (၆၀)မှတ်နှင့် သင်္ချာ (၆၀)မှတ်၊ နှစ်ဘာသာပေါင်း (၁၂၀)မှတ်နှင့်အထက် ရရှိသူများ၊

(၂) သိပ္ပံဘွဲ့(B.Sc)သင်တန်းအတွက် သိပ္ပံဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲဖြင့်အောင်မြင်ပြီး စုစုပေါင်းရမှတ် (၃၂၁)မှတ်နှင့်အထက် ရရှိသူများ၊ ဝိဇ္ဇာဘွဲ့ (B.A) သင်တန်းအတွက် ဝိပ္ပံဘာသာတွဲ၊ ဝိဇ္ဇာဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းရမှတ် (၃၀၀)နှင့် အထက်ရရှိသူများ လျှောက်ထားနိုင်သည်။

(ခ) **သင်တန်းသားရွေးချယ်မှု**။ မြို့နယ်အလိုက် လျှောက်ထားနိုင်သည်။ တိုင်းဒေသကြီး/ပြည်နယ် သင်တန်းသားရွေးချယ်ရေးကော်မတီများမှ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးပြီး ပဏာမစိစစ်ရွေးချယ်ပါသည်။ ၎င်းတို့အနက်မှ သင်တန်းသားရွေးချယ်ရေးဗဟိုကော်မတီမှ ထပ်မံစစ်ဆေး အတည်ပြု ရွေးချယ်ခံရသူများသာ တက်ရောက်နိုင်သည်။

(ဂ) **စည်းကမ်းသတ်မှတ်ချက်များ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘ နှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ရမည်။

၃၀။ မိမိမူလသင်ကြားခွင့်ရပြီးသော ဝိဇ္ဇာနှင့်သိပ္ပံအထူးပြုဘာသာများပို့ချသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ် နေ့သင်တန်းနှင့် အဝေးသင် သင်တန်းများမှ အခြားအသက်မွေးဝမ်းကျောင်းတက္ကသိုလ်တစ်ခုခုသို့ ပြောင်းရွှေ့သင်ကြားခွင့် လျှောက်ထားလာပါက ပြောင်းရွှေ့လိုသော တက္ကသိုလ်တွင် ဝင်ခွင့်ပြုအနိမ့်ဆုံး အမှတ်မီပါက လျှောက်ထားနိုင်သည်။ လျှောက်ထားသူသည် မိမိဝင်ခွင့်ရရှိသည့် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ဒီဂရီကောလိပ်မှတစ်ဆင့် ကျောင်းဝင်မှတ်ပုံတင်ထားခြင်းမရှိကြောင်း ထောက်ခံချက်ဖြင့် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)သို့ သတ်မှတ်ရက်အတွင်း နောက်ဆုံးထား လျှောက်ထားရမည်။

**ဝိဇ္ဇာနှင့်သိပ္ပံ အထူးပြုဘာသာရပ်များပို့ချသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ် နေ့သင်တန်းမှ အဝေးသင် သင်တန်းသို့လည်းကောင်း၊ အဝေးသင် သင်တန်းမှ ဝိဇ္ဇာနှင့်သိပ္ပံ အထူးပြုဘာသာရပ်များ ပို့ချသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ် နေ့သင်တန်းသို့လည်းကောင်း ပြောင်းရွှေ့ခွင့် လျှောက်ထားခြင်း**

၃၁။ ဝိဇ္ဇာနှင့်သိပ္ပံ အထူးပြုဘာသာ ပို့ချသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ် နေ့သင်တန်းမှ အဝေးသင် သင်တန်းသို့ ပြောင်းရွှေ့လိုပါက မိမိမူလဝင်ခွင့်ရသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်တွင် သတ်မှတ်ရက်အတွင်း နောက်ဆုံးထား၍ မိမိပြောင်းရွှေ့လိုသည့် အကြောင်းရင်းကို ဖော်ပြလျက် လျှောက်ထားရမည်။ အဝေးသင်ဌာနခွဲမှ ဝိဇ္ဇာနှင့်သိပ္ပံ အထူးပြုဘာသာ ပို့ချသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ် နေ့သင်တန်းသို့ ပြောင်းရွှေ့လိုပါက မိမိမူလဝင်ခွင့်ရသည့် အဝေးသင်ဌာနခွဲတွင် သတ်မှတ်ရက်အတွင်း နောက်ဆုံးထား၍ မိမိပြောင်းရွှေ့လိုသည့် အကြောင်းရင်းကို ဖော်ပြလျက် လျှောက်ထားရမည်။ လျှောက်ထားသူသည် မိမိဝင်ခွင့်ရ တက္ကသိုလ်၊ ဒီဂရီကောလိပ်မှတစ်ဆင့် မိမိပြောင်းရွှေ့လိုသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်သို့ လျှောက်ထားရမည်။

**(ဝင်ခွင့်ရတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်မှ အခြားတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သို့ ပြောင်းရွှေ့လိုလျှင် မူလဝင်ခွင့်ရ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် ဦးစွာ ဆက်သွယ်ဆောင်ရွက်ရမည်)**

# အခန်း ၇

## တက္ကသိုလ်အလိုက် အပ်နှင်းသောဘွဲ့များနှင့် သတ်မှတ်ထားသည့် သင်တန်းကာလများ

၃၂။ တက္ကသိုလ်အလိုက် အပ်နှင်းသောဘွဲ့များနှင့် သတ်မှတ်ထားသော သင်တန်းကာလများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တက္ကသိုလ် | အပ်နှင်းသောဘွဲ့ | | သင်တန်းကာလ |
|---|---|---|---|---|
| | | စဉ် | | |
| ၁ | ဆေးတက္ကသိုလ်များ | ၁ | ဆေးပညာဘွဲ့<br>M.B.,B.S | ၆ နှစ် |
| ၂ | သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ | ၁ | သွားဘက်ဆိုင်ရာဆေးပညာဘွဲ့<br>B.D.S | ၅ နှစ် |
| ၃ | ဆေးဝါးတက္ကသိုလ်များ | ၁ | ဆေးဝါးသိပ္ပံဘွဲ့<br>B.Pharm | ၄ နှစ် |
| ၄ | ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ | ၁ | ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့<br>(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)<br>B.Med.Tech (Medical Laboratory Technology) | ၄ နှစ် |
| | | ၂ | ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့<br>(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ)<br>B.Med.Tech(Medical Imaging Technology) | |
| | | ၃ | ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့<br>(ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှု နည်းပညာ)<br>B.Med.Tech (Physiotherapy) | |

| စဉ် | တက္ကသိုလ် | | အပ်နှင်းသောဘွဲ့ | သင်တန်းကာလ |
|---|---|---|---|---|
| | | ၄ | ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ကျန်းမာရေးသတင်းအချက်အလက်နည်းပညာ) B.Med.Tech (Health Information) | |
| | | ၅ | ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဓာတ်ရောင်ခြည်ကုသမှုနည်းပညာ) B.Med.Tech (Radiotherapy Technology) | |
| ၅ | သူနာပြုတက္ကသိုလ်များ | ၁ | သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) B.N.Sc (Generic) | ၄ နှစ် |
| ၆ | အခြေခံကျန်းမာရေးတက္ကသိုလ် | ၁ | ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) B.Comm.H | ၄ နှစ် |
| ၇ | တိုင်းရင်းဆေးတက္ကသိုလ် | ၁ | မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ B.M.T.M (Bachelor of Myanmar Traditional Medicine) | ၅ နှစ် |
| ၈ | **နည်းပညာတက္ကသိုလ်များ** | | | |
| | (၁) နည်းပညာတက္ကသိုလ် (မုံရွာ) | | B.E. (Civil, EC, EP, Mech, CEIT, Tex, McE) | ၅ နှစ် |
| | (၂) နည်းပညာတက္ကသိုလ် (ကလေး) | | B.E. (Civil, EC, EP, Mech) | ၅ နှစ် |
| | (၃) နည်းပညာတက္ကသိုလ် (စစ်ကိုင်း) | | B.E. (Civil, EC, EP, Mech) | ၅ နှစ် |
| | (၄) နည်းပညာတက္ကသိုလ် (မန္တလေး) | | B.E. (Civil, EC, EP, Mech, CEIT, McE, ChE, PE, Min), B.Arch. | ၅ နှစ် |
| | (၅) နည်းပညာတက္ကသိုလ် (ကျောက်ဆည်) | | B.E. (Civil, EC, EP, Mech, CEIT, Met, NT, McE) | ၅ နှစ် |
| | | | B.S. (Bio-Tech) | ၄ နှစ် |

| စဉ် | တက္ကသိုလ် | အပ်နှင်းသောဘွဲ့ | သင်တန်းကာလ |
|---|---|---|---|
| | (၆) နည်းပညာတက္ကသိုလ် (မိတ္ထီလာ) | B.E. (Civil, EC, EP, Mech, CEIT) | ၅ နှစ် |
| | (၇) နည်းပညာတက္ကသိုလ် (ရမည်းသင်း) | B.E. (Civil, EC, EP, Mech) | ၅ နှစ် |
| | (၈) နည်းပညာတက္ကသိုလ် (မကွေး) | B.E. (Civil, EC, EP, Mech) | ၅ နှစ် |
| | (၉) နည်းပညာတက္ကသိုလ် (ပခုက္ကူ) | B.E. (Civil, EC, EP, Mech) | ၅ နှစ် |
| | (၁၀) နည်းပညာတက္ကသိုလ် (တောင်ကြီး) | B.E. (Civil, EC, EP, Mech, Min, CEIT) | ၅ နှစ် |
| | (၁၁) နည်းပညာတက္ကသိုလ် (လွိုင်ကော်) | B.E. (Civil, EC, EP, Mech) | ၅ နှစ် |
| | (၁၂) နည်းပညာတက္ကသိုလ် (တောင်ငူ) | B.E. (Civil, EC, EP, Mech, CEIT, McE) | ၅ နှစ် |
| | (၁၃) နည်းပညာတက္ကသိုလ် (စစ်တွေ) | B.E. (Civil, EC, EP, Mech) | ၅ နှစ် |
| | (၁၄) ပြည်နည်းပညာ တက္ကသိုလ် | B.E. (Civil, EC, EP, Mech,CEIT) | ၅ နှစ် |
| | (၁၅) ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် | B.E. (Civil, EC, EP, Mech, McE, CEIT, ChE, Tex, Met, Agri), B.Arch. | ၅ နှစ် |
| | (၁၆) နည်းပညာတက္ကသိုလ် (မှော်ဘီ) | B.E. (Civil, EC, EP, Mech, McE, CEIT), B.Arch. | ၅ နှစ် |
| | (၁၇) နည်းပညာတက္ကသိုလ် (သန်လျင်) | B.E.(Civil, EC, EP, Mech, McE, CEIT, PE,ChE), B.Arch. | ၅ နှစ် |
| | (၁၈) နည်းပညာတက္ကသိုလ် (ပုသိမ်) | B.E. (Civil, EC, EP, Mech, CEIT) | ၅ နှစ် |

| စဉ် | တက္ကသိုလ် | အပ်နှင်းသောဘွဲ့ | သင်တန်းကာလ |
|---|---|---|---|
| | (၁၉) နည်းပညာတက္ကသိုလ် (ဟသ်ာတ) | B.E. (Civil, EC, EP, Mech) | ၅ နှစ် |
| | (၂၀) နည်းပညာတက္ကသိုလ် (ဘားအံ) | B.E.(Civil, EC, EP, Mech) | ၅ နှစ် |
| | (၂၁) နည်းပညာတက္ကသိုလ် (မော်လမြိုင်) | B.E. (Civil, EC, EP, Mech, CEIT) | ၅ နှစ် |

**ဘွဲ့ဆိုင်ရာများအညွှန်း**

B.E. - အင်ဂျင်နီယာဘွဲ့ (Bachelor of Engineering)

B.Arch. - ဗိသုကာဘွဲ့ (Bachelor of Architecture)

B.S. - သိပ္ပံဘွဲ့ (Bachelor of Science)

Arch - ဗိသုကာ (Architecture)

Bio-Tech - ဇီဝနည်းပညာ (Biotechology)

Civil - မြို့ပြ (Civil)

ChE - ဓာတု (Chemical)

EC - အီလက်ထရွန်နစ် (Electronics)

EP - လျှပ်စစ်စွမ်းအား (Electrical Power)

CEIT - ကွန်ပျူတာအင်ဂျင်နီယာနှင့်သတင်းအချက်အလက်နည်းပညာ (Computer Engineering and Information Techonology)

McE - စက်မှုအီလက်ထရွန်နစ် (Mechatronics)

Mech - စက်မှု(Mechanical)

Met - သတ္တုဗေဒ (Metallurgy)

Min - သတ္တုတူးဖော်ရေး (Mining)

PE - ရေနံ (Petroleum)

Tex - ချည်မျှင်နှင့်အထည် (Textile)

NT - နျူကလီးယားနည်းပညာ (Nuclear Technology)

Agri - စိုက်ပျိုးရေး (Agricultural)

| စဉ် | တက္ကသိုလ် | အပ်နှင်းသောဘွဲ့ | သင်တန်းကာလ |
|---|---|---|---|
| ၉ | **အစိုးရနည်းပညာကောလိပ်များ** | | |
| | (၁) အစိုးရနည်းပညာကောလိပ် (ရွှေဘို) | B.Tech (Civil, EP, Mech) | ၄ နှစ် |
| | (၂) အစိုးရနည်းပညာကောလိပ် (မန္တလေး) | B.Tech (Civil, EP, Mech) | ၄ နှစ် |
| | (၃) အစိုးရနည်းပညာကောလိပ် (ကျောက်ဖြူ) | B.Tech (Civil, EP, Mech) | ၄ နှစ် |
| | (၄) အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ) | B.Tech (Civil, EP, Mech) | ၄ နှစ် |

**ဘွဲ့ဆိုင်ရာများအညွှန်း**

B.Tech - နည်းပညာဘွဲ့ (Bachelor of Technology)

Civil - မြို့ပြ (Civil)

Mech - စက်မှု (Mechanical)

EP - လျှပ်စစ်စွမ်းအား (Electrical Power)

| စဉ် | တက္ကသိုလ် | အပ်နှင်းသောဘွဲ့ | | သင်တန်းကာလ |
|---|---|---|---|---|
| ၁၀ | ကွန်ပျူတာတက္ကသိုလ်များ | ၁ | B.C.Sc. | ၄ နှစ် |
| | | ၂ | B.C.Tech. | |

**ဘွဲ့ဆိုင်ရာများအညွှန်း**

B.C.Sc. - ကွန်ပျူတာသိပ္ပံဘွဲ့ (Bachelor of Computer Science)

B.C.Tech. - ကွန်ပျူတာနည်းပညာဘွဲ့ (Bachelor of Computer Technology)

| စဉ် | တက္ကသိုလ်နှင့် အထူးပြုဘာသာရပ်များ | | အပ်နှင်းသောဘွဲ့ | သင်တန်းကာလ |
|---|---|---|---|---|
| ၁၁ | **ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်သင် တက္ကသိုလ်များ** | | | |
| | (၁) ဝိဇ္ဇာအထူးပြုဘာသာများ | ၁ | ဝိဇ္ဇာဘွဲ့ B.A | ၄ နှစ် |
| | (၂) သိပ္ပံအထူးပြုဘာသာများ | ၁ | သိပ္ပံဘွဲ့ B.Sc | ၄ နှစ် |
| | (၃) ဥပဒေပညာ | ၁ | ဝိဇ္ဇာဘွဲ့(ဥပဒေ) B.A(Law) | ၄ နှစ် |
| | | | ဥပဒေဘွဲ့ LLB | ၅ နှစ် |
| | (၄)ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုပညာ (Environmental Studies) | ၁ | B.ES | ၄ နှစ် |
| | (၅) ရေနံဘူမိဗေဒ (Petroleum Geology ) | ၁ | BPG | ၄ နှစ် |
| ၁၂ | စီးပွားရေးပညာ | ၁ | စီးပွားရေးဘွဲ့ B.A(Eco) | ၄ နှစ် |

## အခန်း ၈

## စာမေးပွဲများ

၃၃။ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် စာမေးပွဲကို ပထမ ပညာသင်နှစ်ဝက်အပြီးတွင်(၁)ကြိမ်၊ ဒုတိယပညာသင်နှစ်ဝက်အပြီးတွင် (၁)ကြိမ် ကျင်းပမည်။ စာမေးပွဲနှင့်ပတ်သက်သည့် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက် ကျောင်းခေါ်ချိန်စုစုပေါင်း ၇၅% မပြည့်မီပါက ဒုတိယနှစ်ဝက်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုခွင့်မပြုပါ။ ၎င်းပညာသင်နှစ်အတွက် စာမေးပွဲတစ်ကြိမ် အကျ (1F) အဖြစ် သတ်မှတ်ခြင်းခံရမည်။

(ခ) ခိုင်လုံသော ဆေးလက်မှတ်တင်ပြနိုင်ပါက ပညာသင်နှစ် တစ်နှစ်လုံးအတွက် ခွင့်ရက် (၂၁)ရက်အထိ ခွင့်ပြုမည်။

၃၄။ အခြားဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ကောလိပ်များ၏ စာမေးပွဲများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များက ထုတ်ပြန်ထားသော စည်းမျဉ်းများအတိုင်း ကျင့်သုံးမည်။

## အခန်း ၉

## ကျောင်းအပ်နှံခြင်းနှင့် အခကြေးငွေများပေးသွင်းခြင်း

၃၅။ ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် သင်ကြားခွင့်ရသူများသည် သတ်မှတ်ထားသည့် ကျောင်းလခ၊ အခကြေးငွေများကို မိမိတို့သင်ကြားခွင့်ရသည့် တက္ကသိုလ်များ၌ သတ်မှတ်ရက်အတွင်း မပျက်မကွက် ပေးသွင်းကြရမည်။ ကျောင်းအပ်နှံခြင်းနှင့် ငွေပေးသွင်းခြင်းကို မိမိအသုံးပြုသည့် ကိုယ်ပိုင် Mobile Phone ဖြင့် Web Portal (https://sms.moe.gov.mm)တွင် ဝင်ရောက်ပြီး အချက်အလက်များ ဖြည့်သွင်း၍ Payment Gateway မှတစ်ဆင့် Myanmar Pay (MMQR) ဖြင့် မိမိနှစ်သက်ရာ Bank Account (သို့မဟုတ်) Mobile Wallet/Mobile Payment များမှ ကိုယ်တိုင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃၆။ ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပထမနှစ်သင်တန်းအတွက် အခကြေးငွေများကို အောက်ပါအတိုင်း ကောက်ခံမည်-

| **စဉ်** | **အကြောင်းအရာ** | **ကောက်ခံမည့်နှုန်း(ကျပ်)** |
|---|---|---|
| ၁။ | မှတ်ပုံတင်ကြေး | ၂၀၀၀ |
| ၂။ | ကျောင်းဝင်ကြေး | ၂၀၀၀ |
| ၃။ | ကျောင်းလခ(တစ်လ ကျပ် ၅၀၀၀ နှုန်း) တစ်နှစ်အတွက် | ၆၀၀၀၀ |
| ၄။ | အားကစားကြေး | ၂၀၀၀ |
| ၅။ | ဓာတ်ခွဲခန်းကြေး | |
| | (က) လက်တွေ့ရှိသောသိပ္ပံဘာသာရပ်များအတွက် | ၆၀၀၀ |
| | (ခ) လက်တွေ့ရှိသောဝိဇ္ဇာဘာသာရပ်များအတွက် | ၃၀၀၀ |
| ၆။ | စာမေးပွဲကြေး | ၅၀၀၀ |
| ၇။ | စာကြည့်တိုက်ကြေး | ၅၀၀၀ |

၃၇။ မလွှဲမရှောင်သာသောကိစ္စကြောင့် သတ်မှတ်ရက်အတွင်းမပေးသွင်းနိုင်ပါက နောက်ထပ် (၁၅)ရက်အတွင်း ပေးသွင်းခွင့်ပြုပါရန်ခိုင်လုံသော အကြောင်းပြချက်ဖြင့် အသနားခံ လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားလာပါက နောက်ကျကြေးနှင့် ပေးသွင်းခွင့်ပြုသင့်၊ မပြုသင့်ကို သက်ဆိုင်ရာတက္ကသိုလ်က စဉ်းစားမည်ဖြစ်သည်။

## အပိုင်း (ခ)

## တက္ကသိုလ်၊ ဒီဂရီကောလိပ်များ (အဝေးသင် သင်တန်းများ)

## အခန်း ၁

## ဝင်ခွင့်သတ်မှတ်ချက်

၁။ အဝေးသင် သင်တန်းဝင်ခွင့်အတွက် ၂၀၂၅ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူ ဖြစ်ရမည်။

## အခန်း ၂

## ပို့ချမည့် အထူးပြုဘာသာရပ်များ

၂။ အဝေးသင် သင်တန်း ပထမနှစ်သင်တန်းတွင် အောက်ပါအထူးပြုဘာသာရပ်များကို ပို့ချပါမည်-

| စဉ် | အထူးပြုဘာသာရပ်များ | |
|---|---|---|
| ၁ | မြန်မာစာ (Myanmar) | ဝိဇ္ဇာဘာသာရပ်များ |
| ၂ | အင်္ဂလိပ်စာ (English) | |
| ၃ | ပထဝီဝင် (Geography) | |
| ၄ | သမိုင်း (History) | |
| ၅ | ဒဿနိကဗေဒ (Philosophy) | |
| ၆ | စိတ်ပညာ (Psychology) | |
| ၇ | အရှေ့တိုင်းပညာ (Oriental Studies) | |
| ၈ | ဥပဒေပညာ (Law) | |
| ၉ | စီးပွားရေးပညာ (Economics) | |
| ၁၀ | စီးပွားစီမံပညာ (Business Management) | |
| ၁၁ | ဓာတုဗေဒ (Chemistry) | သိပ္ပံဘာသာရပ်များ |
| ၁၂ | ရူပဗေဒ (Physics) | |
| ၁၃ | သင်္ချာ (Mathematics) | |
| ၁၄ | သတ္တဗေဒ (Zoology) | |
| ၁၅ | ရုက္ခဗေဒ (Botany) | |

(ဥပဒေပညာအထူးပြုဘာသာရပ်ကို ဝိဇ္ဇာဘွဲ့ B.A(Law) သင်ကြားမည်)

## အခန်း ၃

## တက်ရောက်သင်ကြားနိုင်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ဘာသာရပ်အလိုက်သတ်မှတ်ချက်များ

၃။ အောက်ပါတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် တက်ရောက်ရမည်-

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်
၂။ မန္တလေးအဝေးသင်တက္ကသိုလ်
၃။ ရန်ကုန်စီးပွားရေးတက္ကသိုလ်
၄။ မုံရွာစီးပွားရေးတက္ကသိုလ်
၅။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
၆။ မော်လမြိုင်တက္ကသိုလ်
၇။ တောင်ကြီးတက္ကသိုလ်
၈။ ဒဂုံတက္ကသိုလ်
၉။ မကွေးတက္ကသိုလ်
၁၀။ ပုသိမ်တက္ကသိုလ်
၁၁။ စစ်တွေတက္ကသိုလ်
၁၂။ မုံရွာတက္ကသိုလ်
၁၃။ မြစ်ကြီးနားတက္ကသိုလ်
၁၄။ တောင်ငူတက္ကသိုလ်
၁၅။ ပြည်တက္ကသိုလ်
၁၆။ ထားဝယ်တက္ကသိုလ်
၁၇။ ရတနာပုံတက္ကသိုလ်
၁၈။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
၁၉။ မိတ္ထီလာတက္ကသိုလ်
၂၀။ ပခုက္ကူတက္ကသိုလ်

၂၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

၂၂။ ကျောက်ဆည်တက္ကသိုလ်

၂၃။ ဟသ်ာတတက္ကသိုလ်

၂၄။ ပင်လုံတက္ကသိုလ်

၂၅။ မအူပင်တက္ကသိုလ်

၂၆။ ဘားအံတက္ကသိုလ်

၂၇။ ကလေးတက္ကသိုလ်

၂၈။ မြိတ်တက္ကသိုလ်

၂၉။ လွိုင်ကော်တက္ကသိုလ်

၃၀။ လားရှိုးတက္ကသိုလ်

၃၁။ ကျိုင်းတုံတက္ကသိုလ်

၃၂။ ဗန်းမော်တက္ကသိုလ်

၃၃။ ပဲခူးတက္ကသိုလ်

၃၄။ ရွှေဘိုတက္ကသိုလ်

၃၅။ စစ်ကိုင်းတက္ကသိုလ်

၃၆။ ရေနံချောင်းတက္ကသိုလ်

၃၇။ မြင်းခြံတက္ကသိုလ်

၃၈။ မိုးညှင်းတက္ကသိုလ်

၃၉။ မန္တလေးတက္ကသိုလ်

၄၀။ တောင်ကုတ်တက္ကသိုလ်

၄၁။ ဟားခါးတက္ကသိုလ်

၄၂။ ဟုမ္မလင်းဒီဂရီကောလိပ်

၄။ သိပ္ပံဘာသာရပ် လျှောက်ထားသူသည် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ပညာသင်နှစ်တစ်လျှောက် အပတ်စဉ်ပြုလုပ်မည့် သိပ္ပံလက်တွေ့သင်တန်းများကို ကိုယ်တိုင်တက်ရောက်နိုင်ရမည်။ သတ်မှတ်ထားသော သိပ္ပံလက်တွေ့သင်တန်း ၇၅% ပြည့်မီအောင် တက်ရောက်

ခြင်းမရှိပါက စာမေးပွဲတွင် Incomplete သတ်မှတ်ပြီး စာမေးပွဲကျရှုံးမည်။ သင်ကြားမှု အထောက်အကူပစ္စည်းများနှင့် ဆရာအင်အားအခြေအနေပေါ် မူတည်ပြီး ဘာသာရပ်အလိုက် သင်တန်းသားဦးရေကို ကန့်သတ်လက်ခံမည်။

၅။ ဥပဒေပညာဘာသာရပ်၊ စီးပွားရေးပညာဘာသာရပ်၊ စီးပွားစီမံပညာဘာသာရပ် လျှောက်ထားသူသည် နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားချိန်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/ (ပြု)/ (ဧည့်) နိုင်ငံသားလက်မှတ်အမှတ်များကို အပြည့်အစုံဖော်ပြ၍ မိတ္တူကို တစ်ပါတည်း ပူးတွဲလျှောက်ထားရမည်။ တည်ဆဲနိုင်ငံသား ဖြစ်မှုဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ရန် လျှောက်ထားဆဲဖြစ်ပါကလည်း အမှန်တကယ် လျှောက်ထားဆဲဖြစ်ကြောင်း သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ထောက်ခံစာ(မိတ္တူ) ကို မပျက်မကွက်(မပျက်မကွက်) ပူးတွဲတင်ပြရမည်။

## အခန်း ၄

## တက္ကသိုလ်များ၏ အဝေးသင်ဌာနခွဲများ

၆။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် စီးပွားရေးပညာနှင့် စီးပွားစီမံပညာရပ်များကို အောက်ဖော်ပြပါ သက်ဆိုင်ရာတက္ကသိုလ်များ၏ အဝေးသင်ဌာနခွဲများတွင် သင်ကြားပို့ချမည်-

(က) **ရန်ကုန်စီးပွားရေးတက္ကသိုလ်**

(ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးများမှ ကျောင်းသား၊ ကျောင်းသူ များအား ဝင်ခွင့်ပြုမည်။)

(ခ) **မုံရွာစီးပွားရေးတက္ကသိုလ်**

(ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် မကွေးတိုင်းဒေသကြီး(ရေစကြို၊ မြိုင်၊ ပေါက်၊ ထီးလင်း၊ ဂန့်ဂေါ၊ ပခုက္ကူ၊ ဆောမြို့နယ်များ) များမှ ကျောင်းသား၊ ကျောင်းသူများအား ဝင်ခွင့်ပြုမည်။)

(ဂ) **မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

(ကယားပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မကွေးတိုင်းဒေသကြီး (ရေစကြို၊ မြိုင်၊ ပေါက်၊ ထီးလင်း၊ ဂန့်ဂေါ၊ ပခုက္ကူ၊ ဆောမြို့နယ်များမှအပ ကျန်မြို့နယ်များ)များမှ ကျောင်းသား၊ ကျောင်းသူများအား ဝင်ခွင့်ပြုမည်။)

(ဃ) **ရန်ကုန်အဝေးသင်တက္ကသိုလ်**

(ဝင်ခွင့်လျှောက်ထားသည့် အမှတ်အများဆုံး ရရှိသော ကျောင်းသား၊ ကျောင်းသူ (၅၀)ဦးစီကို လက်ခံမည်။)

(င)　**မန္တလေးအဝေးသင်တက္ကသိုလ်**

(မြို့နယ်(၇)ခုဖြစ်သည့် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရမြို့နယ်များမှ ဝင်ခွင့်လျှောက်ထားသည့် အမှတ်အများဆုံးရရှိသော ကျောင်းသား၊ ကျောင်းသူ (၅၀)ဦးစီကို လက်ခံမည်။)

၇။　ကျန်ဝိဇ္ဇာ/သိပ္ပံဘာသာရပ်များကို အောက်ပါအတိုင်း သက်ဆိုင်ရာတက္ကသိုလ်များ၏ အဝေးသင်ဌာနခွဲများတွင် သင်ကြားပို့ချမည်-

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | စဉ် | ဝင်ခွင့်ပြုမည့် အဝေးသင်ဌာနခွဲ | ပို့ချမည့်ဘာသာရပ်များ |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁ | မြစ်ကြီးနားတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၂ | ဗန်းမော်တက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၃ | မိုးညှင်းတက္ကသိုလ် | ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| ၂ | ကယားပြည်နယ် | ၁ | လွိုင်ကော်တက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ၊ |
| ၃ | ကရင်ပြည်နယ် | ၁ | ဘားအံတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| ၄ | ချင်းပြည်နယ် (ပလက်ဝမြို့နယ် မှအပ) | ၁ | ပခုက္ကူတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၂ | ဟားခါးတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| ၅ | စစ်ကိုင်းတိုင်း ဒေသကြီး | ၁ | မုံရွာတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၂ | ကလေးတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၃ | ရွှေဘိုတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |

| စဉ် | ပြည်နယ်/<br>တိုင်းဒေသကြီး | စဉ် | ဝင်ခွင့်ပြုမည့်<br>အဝေးသင်ဌာနခွဲ | ပို့ချမည့်ဘာသာရပ်များ |
|---|---|---|---|---|
| | | ၄ | စစ်ကိုင်းတက္ကသိုလ် | ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၅ | ဟုမ္မလင်းဒီဂရီကောလိပ် | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်းနှင့် သိပ္ပံဘာသာရပ်များ |
| ၆ | တနင်္သာရီတိုင်း<br>ဒေသကြီး | ၁ | ထားဝယ်တက္ကသိုလ် | ဥပဒေပညာ၊<br>ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၂ | မြိတ်တက္ကသိုလ် | ဥပဒေပညာ၊<br>ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁ | တောင်ငူတက္ကသိုလ် | ဥပဒေပညာ၊<br>ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၂ | ပြည်တက္ကသိုလ် | ဥပဒေပညာ၊<br>ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၃ | ပဲခူးတက္ကသိုလ် | ဥပဒေပညာ၊<br>ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| ၈ | မကွေးတိုင်းဒေသကြီး | ၁ | မကွေးတက္ကသိုလ် | ဥပဒေပညာ၊<br>ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၂ | ပခုက္ကူတက္ကသိုလ် | ဥပဒေပညာ၊<br>ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၃ | ရေနံချောင်းတက္ကသိုလ် | ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| ၉ | မန္တလေးတိုင်း<br>ဒေသကြီး | ၁ | မန္တလေးအဝေးသင်<br>တက္ကသိုလ် | ဥပဒေပညာ၊<br>ဝိဇ္ဇာသိပ္ပံဘာသာရပ်များ၊ (အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရမြို့နယ်များမှ အမှတ်အများဆုံး ရရှိသော ကျောင်းသား၊ ကျောင်းသူ (၅၀)ဦးစီကို လက်ခံမည်။) |

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | စဉ် | ဝင်ခွင့်ပြုမည့် အဝေးသင်ဌာနခွဲ | ပို့ချမည့်ဘာသာရပ်များ |
|---|---|---|---|---|
| | | ၂ | ရတနာပုံတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၃ | မိတ္ထီလာတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၄ | ကျောက်ဆည်တက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၅ | မြင်းခြံတက္ကသိုလ် | ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၆ | မန္တလာတက္ကသိုလ် | ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| ၁၀ | မွန်ပြည်နယ် | ၁ | မော်လမြိုင်တက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| ၁၁ | ရခိုင်ပြည်နယ်နှင့် ပလက်ဝမြို့နယ် | ၁ | စစ်တွေတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၂ | တောင်ကုတ်တက္ကသိုလ် | ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| ၁၂ | ရန်ကုန်တိုင်း ဒေသကြီး | ၁ | ရန်ကုန်အဝေးသင် တက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ၊ - (သိပ္ပံဘာသာရပ်ကို ကမာရွတ်၊ စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ လှိုင်၊ ရန်ကင်း၊ ဗဟန်း၊ ဒဂုံ၊ မရမ်းကုန်းမြို့နယ်များမှ အမှတ် အများဆုံးရရှိသော ကျောင်းသား၊ ကျောင်းသူ (၅၀)ဦးစီကို လက်ခံမည်။) - (ဝိဇ္ဇာဘာသာရပ်ကို ရန်ကုန်တိုင်းအတွင်းရှိ |

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | စဉ် | ဝင်ခွင့်ပြုမည့် အဝေးသင်ဌာနခွဲ | ပို့ချမည့်ဘာသာရပ်များ |
|---|---|---|---|---|
| | | | | မြို့နယ်များမှ အမှတ် အများဆုံး ရရှိသော ကျောင်းသား၊ ကျောင်းသူ (၅၀)ဦးစီ လက်ခံမည်။) |
| | | ၂ | ဒဂုံတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၃ | ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၄ | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| ၁၃ | ရှမ်းပြည်နယ် | ၁ | တောင်ကြီးတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၂ | ပင်လုံတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၃ | လားရှိုးတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၄ | ကျိုင်းတုံတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| ၁၄ | ဧရာဝတီတိုင်း ဒေသကြီး | ၁ | ပုသိမ်တက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၂ | ဟင်္သာတတက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |
| | | ၃ | မအူပင်တက္ကသိုလ် | ဥပဒေပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ်များ |

## အခန်း ၅

## အဝေးသင် သင်တန်းများ၏

## အပ်နှင်းသောဘွဲ့များနှင့် သင်တန်းကာလ

၈။ အဝေးသင် သင်တန်းမှ အပ်နှင်းသောဘွဲ့များနှင့် သင်တန်းကာလများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

| စဉ် | အထူးပြုဘာသာရပ်များ | အပ်နှင်းသောဘွဲ့ | သင်တန်းကာလ |
|---|---|---|---|
| ၁ | မြန်မာစာ (Myanmar) | ဝိဇ္ဇာဘွဲ့ (B.A) | ၄ နှစ် |
| ၂ | အင်္ဂလိပ်စာ (English) | | |
| ၃ | ပထဝီဝင် (Geography) | | |
| ၄ | သမိုင်း (History) | | |
| ၅ | ဒဿနိကဗေဒ (Philosophy) | | |
| ၆ | စိတ်ပညာ (Psychology) | | |
| ၇ | အရှေ့တိုင်းပညာ (Oriental Studies) | | |
| ၈ | ဥပဒေပညာ (Law) | | |
| ၉ | စီးပွားရေးပညာ (Economics) | | |
| ၁၀ | စီးပွားစီမံပညာ (Business Management) | | |
| ၁၁ | ဓာတုဗေဒ (Chemistry) | သိပ္ပံဘွဲ့ (B.Sc) | ၄ နှစ် |
| ၁၂ | ရူပဗေဒ (Physics) | | |
| ၁၃ | သင်္ချာ (Mathematics) | | |
| ၁၄ | သတ္တဗေဒ (Zoology) | | |
| ၁၅ | ရုက္ခဗေဒ (Botany) | | |

## **အခန်း ၆**

## **အဝေးသင် သင်တန်း ဝင်ခွင့်လျှောက်ထားခြင်းနှင့်စိစစ်ရွေးချယ်ခြင်း**

၉။ ၂၀၂၅ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး အဝေးသင် သင်တန်း ဝင်ခွင့် လျှောက်ထားကြမည့်သူများသည် အောက်ဖော်ပြပါ လျှောက်လွှာပုံစံများ၊ သင်တန်းရွေးချယ်မှု ကတ်ပြားနှင့် လမ်းညွှန်စာအုပ်များကို တစ်စုံလျှင် သတ်မှတ်နှုန်းဖြင့် မိမိတို့ဖြေဆိုခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အထက်တန်း ကျောင်းအုပ်ကြီးများ)ထံမှ ရယူနိုင်သည်-

**(က) တက္ကသိုလ်ကျောင်းသားအဖြစ် မှတ်ပုံတင်ခွင့်လျှောက်လွှာ (၂)စုံ**

**(ခ) တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ**

**(ဂ) သင်တန်းရွေးချယ်မှုကတ်ပြား**

**(ဃ) တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်**

**(င) လျှောက်လွှာများထည့်ရန်စာအိတ်**

၁၀။ **အဝေးသင် သင်တန်း ဝင်ခွင့်အတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများနှင့်အတူ ပေးပို့ရမည့် တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းနှင့် အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်ကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများ (အထက်တန်းကျောင်းအုပ်ကြီးများ)က အခမဲ့ ထုတ်ပေးမည်။**

၁၁။ တက္ကသိုလ်ဝင်ခွင့်အတွက်

(က) သင်တန်းရွေးချယ်မှုကတ်ပြား

(ခ) တက္ကသိုလ်ကျောင်းသားအဖြစ် မှတ်ပုံတင်ခွင့်လျှောက်လွှာ

(ဂ) တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ

**ပုံစံများကို မဖြည့်သွင်းမီ ဤတက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို နားလည်သဘော ပေါက်အောင် ဖတ်ရှုရန်လိုသည်။ မရှင်းလင်းသည့် အချက်အလက်များရှိပါက မိမိတို့နှင့် နီးစပ်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ အထက်တန်း ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများထံတွင် မေးမြန်းနိုင်သည်။**

**အဝေးသင် သင်တန်း ဦးစားပေးရွေးချယ်လျှောက်ထားခြင်း**

၁၂။ အဝေးသင် သင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုခဲ့သည့် ဘာသာတွဲများအလိုက် တက်ရောက်ခွင့်ရှိသည့် အထူးပြုဘာသာရပ်များကို မိမိကြိုက်နှစ်သက်သည့် ဦးစားပေးအစီအစဉ်အတိုင်း တိကျပြည့်စုံစွာ ဖော်ပြလျှောက်ထားရမည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုခဲ့သည့် ဘာသာတွဲများအလိုက် အဝေးသင်တက္ကသိုလ်တွင် ဆန္ဒပြုလျှောက်ထားနိုင်သည့် အထူးပြုဘာသာရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ဘာသာတွဲ | အထူးပြုဘာသာရပ် | |
|---|---|---|---|
| ၁ | STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) | ၁ | မြန်မာစာ |
| | | ၂ | အင်္ဂလိပ်စာ |
| | | ၃ | ပထဝီဝင် |
| | | ၄ | သမိုင်း |
| | | ၅ | ဒဿနိကဗေဒ |
| | | ၆ | စိတ်ပညာ |
| | | ၇ | အရှေ့တိုင်းပညာ |
| | | ၈ | ဥပဒေပညာ |
| | | ၉ | ဓာတုဗေဒ |
| | | ၁၀ | ရူပဗေဒ |
| | | ၁၁ | သင်္ချာ |
| | | ၁၂ | သတ္တဗေဒ |
| | | ၁၃ | ရုက္ခဗေဒ |
| | | ၁၄ | စီးပွားရေးပညာ |
| | | ၁၅ | စီးပွားစီမံပညာ |
| ၂ | STEAMS-2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ) | ၁ | မြန်မာစာ |
| | | ၂ | အင်္ဂလိပ်စာ |
| | | ၃ | ပထဝီဝင် |
| | | ၄ | သမိုင်း |

| စဉ် | ဘာသာတွဲ | အထူးပြုဘာသာရပ် | |
|---|---|---|---|
| | | ၅ | ဒဿနိကဗေဒ |
| | | ၆ | စိတ်ပညာ |
| | | ၇ | အရှေ့တိုင်းပညာ |
| | | ၈ | ဥပဒေပညာ |
| | | ၉ | ဓာတုဗေဒ |
| | | ၁၀ | ရူပဗေဒ |
| | | ၁၁ | သင်္ချာ |
| | | ၁၂ | စီးပွားရေးပညာ |
| | | ၁၃ | စီးပွားစီမံပညာ |
| ၃ | STAMS-1<br>(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) | ၁ | မြန်မာစာ |
| | | ၂ | အင်္ဂလိပ်စာ |
| | | ၃ | ပထဝီဝင် |
| | | ၄ | သမိုင်း |
| | | ၅ | ဒဿနိကဗေဒ |
| | | ၆ | စိတ်ပညာ |
| | | ၇ | အရှေ့တိုင်းပညာ |
| | | ၈ | ဥပဒေပညာ |
| | | ၉ | သင်္ချာ |
| | | ၁၀ | စီးပွားရေးပညာ |
| | | ၁၁ | စီးပွားစီမံပညာ |
| ၄ | STAMS-2<br>(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ဘောဂဗေဒ၊ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)) | ၁ | မြန်မာစာ |
| | | ၂ | အင်္ဂလိပ်စာ |
| | | ၃ | ပထဝီဝင် |
| | | ၄ | သမိုင်း |
| | | ၅ | ဒဿနိကဗေဒ |
| | | ၆ | စိတ်ပညာ |

| စဉ် | ဘာသာတွဲ | အထူးပြုဘာသာရပ် | |
|---|---|---|---|
| | | ၇ | အရှေ့တိုင်းပညာ |
| | | ၈ | ဥပဒေပညာ |
| | | ၉ | သင်္ချာ |
| | | ၁၀ | စီးပွားရေးပညာ |
| | | ၁၁ | စီးပွားစီမံပညာ |

**ဦးစားပေးလျှောက်ထား ဆန္ဒပြုပုံဥပမာ**

၁၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် မိမိတို့ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုခဲ့သည့် ဘာသာတွဲအလိုက် သက်ဆိုင်ရာတက္ကသိုလ်များ၏ အဝေးသင်ဌာနခွဲများတွင် ဆန္ဒပြုခွင့်ရှိသည့် အထူးပြုဘာသာရပ်များကို လျှောက်ထားနိုင်ရန် အောက်ပါအတိုင်း ဥပမာ (၄)ခုဖြင့် ဖော်ပြထားပါသည်-

**(ဥပမာသက်သက်သာဖြစ်ပါသည်။ ယခုပုံစံအတိုင်း ဆန္ဒပြုရန်မလို။ မိမိနှစ်သက်ရာ ဦးစားပေး ဆန္ဒပြုနိုင်သည်။ သို့သော် ဆန္ဒပြုခွင့်ရှိသော အထူးပြုဘာသာရပ်များ မကျန်စေရန် လိုအပ်ပါသည်။)**

**ဥပမာ(၁) STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) ဘာသာတွဲဖြင့် အောင်မြင်သူများအတွက်**

| စဉ် | တက္ကသိုလ်/ အထူးပြုဘာသာရပ် |
|---|---|
| ၁ | သင်္ချာ |
| ၂ | အင်္ဂလိပ်စာ |
| ၃ | ဓာတုဗေဒ |
| ၄ | သတ္တဗေဒ |
| ၅ | ရူပဗေဒ |
| ၆ | စီးပွားရေးပညာ |
| ၇ | ဥပဒေပညာ |
| ၈ | ရုက္ခဗေဒ |

ဥပမာ(၂) STEAMS-2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)

ဘာသာတွဲဖြင့် အောင်မြင်သူများအတွက်

| စဉ် | တက္ကသိုလ်/ အထူးပြုဘာသာရပ် |
| --- | --- |
| ၁ | စီးပွားရေးပညာ |
| ၂ | အင်္ဂလိပ်စာ |
| ၃ | မြန်မာစာ |
| ၄ | ဒဿနိကဗေဒ |
| ၅ | အရှေ့တိုင်းပညာ |
| ၆ | ပထဝီဝင် |
| ၇ | ဥပဒေပညာ |
| ၈ | ရူပဗေဒ |

ဥပမာ(၃) STAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဇီဝဗေဒ)

ဘာသာတွဲဖြင့် အောင်မြင်သူများအတွက်

| စဉ် | တက္ကသိုလ်/ အထူးပြုဘာသာရပ် |
| --- | --- |
| ၁ | စီးပွားရေးပညာ |
| ၂ | စီးပွားစီမံပညာ |
| ၃ | မြန်မာစာ |
| ၄ | သင်္ချာ |
| ၅ | စိတ်ပညာ |
| ၆ | ပထဝီဝင် |
| ၇ | ဥပဒေပညာ |
| ၈ | သမိုင်း |

ဥပမာ(၄) STAMS-2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ဘောဂဗေဒ၊ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း) ဘာသာတွဲဖြင့် အောင်မြင်သူများအတွက်

| စဉ် | တက္ကသိုလ်/ အထူးပြုဘာသာရပ် |
| --- | --- |
| ၁ | သင်္ချာ |
| ၂ | မြန်မာစာ |
| ၃ | အင်္ဂလိပ်စာ |
| ၄ | အရှေ့တိုင်းပညာ |
| ၅ | စီးပွားရေးပညာ |
| ၆ | ဒဿနိကဗေဒ |
| ၇ | ဥပဒေပညာ |
| ၈ | သမိုင်း |

၁၄။ အထက်အပိုဒ် (၁၃)တွင် ဖော်ပြထားသော အစီအစဉ်များမှာ ဥပမာမျှသာဖြစ်သည်။ ဤအစီအစဉ်အတိုင်း လျှောက်ထားရမည်ဟု ပုံသေမှတ်ယူခြင်းမပြုရန် အထူးသတိပြုစေလိုသည်။ ရွေးချယ်ဆန္ဒပြုရာ၌ မိမိကြိုက်နှစ်သက်သည့် အထူးပြုဘာသာများအားလုံးကို ဦးစားပေး အစီအစဉ်အလိုက် ရွေးချယ်ဆန္ဒပြု လျှောက်ထားရန်ဖြစ်သည်။

၁၅။ လျှောက်ထားသူသည် တက္ကသိုလ်မှတ်ပုံတင်ခွင့်လျှောက်လွှာ၊ သင်တန်းရွေးချယ်မှုကတ်ပြားနှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတို့ကို ထင်ထင်ရှားရှား ပြည့်ပြည့်စုံစုံ ဖြည့်သွင်းလျှောက်ထားရမည်။

၁၆။ **လျှောက်ထားသူသည် လျှောက်လွှာပုံစံများ၊ သင်တန်းရွေးချယ်မှုကတ်ပြားနှင့် လျှောက်လွှာထည့်ရန် စာအိတ်၏ထိပ်တွင် "အဝေးသင်" ဟု ထင်ရှားစွာ ရေးသားဖော်ပြရမည်။**

၁၇။ **သင်တန်းရွေးချယ်မှုကတ်ပြားနှင့် တက္ကသိုလ်ဝင်ခွင့်ပုံစံတွင် "အဝေးသင် သင်တန်း" ဟု ဖော်ပြထားသောနေရာ၌ မိမိလျှောက်ထားလိုသည့် အထူးပြုဘာသာရပ်များကို ဦးစားပေး အစီအစဉ်အလိုက် ဖြည့်သွင်းဖော်ပြရမည်။**

၁၈။ သင်ကြားခွင့်ပြုသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များရှိ အဝေးသင်ဌာနခွဲများနှင့် အထူးပြု ဘာသာရပ်ကို တစ်ဦးချင်းထံအချိန်မီ အကြောင်းကြားနိုင်ရန်အတွက် **အကြောင်းပြန်ကြားလွှာ** တွင်ပါရှိသော ပြန်ကြားရန်လိပ်စာနေရာ၌ မိမိနှင့်အမြန်ဆုံး ဆက်သွယ်နိုင်မည့်လိပ်စာကို မင်ဖြင့် ထင်ထင်ရှားရှား ရေးသားရမည်။

**လျှောက်လွှာများ တင်သွင်းရမည့် တက္ကသိုလ်များ**

၁။ မြစ်ကြီးနားတက္ကသိုလ်
၂။ လွိုင်ကော်တက္ကသိုလ်
၃။ ဘားအံတက္ကသိုလ်
၄။ ဟားခါးတက္ကသိုလ်
၅။ မုံရွာတက္ကသိုလ်
၆။ ရွှေဘိုတက္ကသိုလ်
၇။ စစ်ကိုင်းတက္ကသိုလ်
၈။ ထားဝယ်တက္ကသိုလ်
၉။ တောင်ငူတက္ကသိုလ်
၁၀။ ပြည်တက္ကသိုလ်
၁၁။ ပဲခူးတက္ကသိုလ်
၁၂။ မကွေးတက္ကသိုလ်
၁၃။ ပခုက္ကူတက္ကသိုလ်
၁၄။ မန္တလေးအဝေးသင်တက္ကသိုလ်
၁၅။ မိတ္ထီလာတက္ကသိုလ်
၁၆။ ကျောက်ဆည်တက္ကသိုလ်
၁၇။ မော်လမြိုင်တက္ကသိုလ်
၁၈။ စစ်တွေတက္ကသိုလ်
၁၉။ တောင်ကုတ်တက္ကသိုလ်

၂၀။ ရန်ကုန်အဝေးသင်တက္ကသိုလ်

၂၁။ တောင်ကြီးတက္ကသိုလ်

၂၂။ လားရှိုးတက္ကသိုလ်

၂၃။ ကျိုင်းတုံတက္ကသိုလ်

၂၄။ ပုသိမ်တက္ကသိုလ်

၂၅။ ဟသ်ာတတက္ကသိုလ်

၂၆။ မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

**၁၉။ ပြည့်စုံထင်ရှားစွာ ဖြည့်သွင်းပြီးသော အောက်ဖော်ပြပါပုံစံများနှင့် စာရွက်စာတမ်းများကို လျှောက်လွှာများထည့်ရန် သတ်မှတ်ထားသော စာအိတ်တွင် ထည့်သွင်း လျှောက်ထားရမည်-**

(က) သင်တန်းရွေးချယ်မှုကတ်ပြား

(ခ) တက္ကသိုလ်ကျောင်းသားအဖြစ် မှတ်ပုံတင်ခွင့်လျှောက်လွှာ (၂)စုံ

(ဂ) တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းမူရင်းနှင့် သက်ဆိုင်ရာအထက်တန်းကျောင်းအုပ်ကြီးများက ထုတ်ပေးသော အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်

**စိစစ်ရွေးချယ်ခြင်း**

၂၀။ တက္ကသိုလ်ဝင်ခွင့်ကို တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်များအပေါ် အခြေခံ၍ အထူးပြုဘာသာရပ်အလိုက် လက်ခံသင်ကြားရန်သတ်မှတ်ထားသော ဦးရေအတွင်း စိစစ်ရွေးချယ်သည်။ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့သည် အဝေးသင် သင်တန်းဝင်ခွင့်ကိစ္စကို တာဝန်ယူဆောင်ရွက်မည်။ အထူးပြုဘာသာရပ်များကို တစ်ဖက်ဖော်ပြပါ (၃)ချက်အပေါ် အခြေခံ၍ အခန်း(၁)တွင် ဖော်ပြထားသည့် သင်တန်း ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်များ၊ အခန်း(၂)

တွင် ဖော်ပြထားသည့် အထူးပြုဘာသာရပ်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်သည်-

(က) သင်တန်းရွေးချယ်မှုကတ်ပြားတွင် ဖော်ပြထားသည့် အထူးပြုဘာသာရပ်များ၏ ဦးစားပေးအစီအစဉ်

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိသည့်ရမှတ်များ

(ဂ) အထူးပြုဘာသာရပ်အလိုက် လက်ခံသင်ကြားရန် သတ်မှတ်ထားသည့် ဦးရေ

**အရေးယူခြင်း**

၂၁။ လျှောက်လွှာပုံစံအားလုံးနှင့် သင်တန်းရွေးချယ်မှုကတ်ပြားတွင် မမှန်မကန် ရေးသွင်းခြင်း၊ အမှတ်များ ပြင်ဆင်ထည့်ခြင်း၊ အမျိုးသားမှတ်ပုံတင်အမှတ် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ မမှန်မကန်ထည့်ခြင်းနှင့် အခြားလိမ်လည်မှုများ တွေ့ရှိပါက ထိရောက်စွာ အရေးယူခြင်းခံရမည်။

# အခန်း ၇

## ကျောင်းအပ်နှံခြင်းနှင့် အခကြေးငွေများပေးသွင်းခြင်း

၂၂။ အဝေးသင် သင်တန်းအတွက် မိမိတို့ ဝင်ခွင့်ရသည့် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ သတ်မှတ်ထားသည့် ကျောင်းလခ၊ အခကြေးငွေများကို သတ်မှတ်ရက်အတွင်း မပျက်မကွက် ပေးသွင်းကြရမည်။ ကျောင်းအပ်နှံခြင်းနှင့် ငွေပေးသွင်းခြင်းကို မိမိအသုံးပြုသည့် ကိုယ်ပိုင် Mobile Phone ဖြင့် Web Portal (https://sms.moe.gov.mm)တွင် ဝင်ရောက်ပြီး အချက်အလက်များ ဖြည့်သွင်း၍ Payment Gateway မှတစ်ဆင့် Myanmar Pay (MMQR) ဖြင့် မိမိနှစ်သက်ရာ Bank Account (သို့မဟုတ်) Mobile Wallet/Mobile Payment များမှ ကိုယ်တိုင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၂၃။ အဝေးသင် သင်တန်း ပထမနှစ်အတွက် အခကြေးငွေကို အောက်ပါအတိုင်း ပေးသွင်း ရမည်-

| | | |
|---|---|---|
| (က) | မှတ်ပုံတင်ကြေး | ၂၀၀၀ ကျပ် |
| (ခ) | ကျောင်းဝင်ကြေး | ၂၀၀၀ ကျပ် |
| (ဂ) | သင်တန်းကြေး(တစ်နှစ်အတွက်) | ၂၀၀၀၀ ကျပ် |
| (ဃ) | ဓာတ်ခွဲခန်းကြေး (သိပ္ပံဘာသာရပ်) | ၄၀၀၀ ကျပ် |
| (င) | စာမေးပွဲကြေး | ၃၀၀၀ ကျပ် |
| (စ) | ပြဋ္ဌာန်းစာအုပ်များ၊ လေ့လာမှု လမ်းညွှန်စာအုပ်များ၊ စာစဉ်မေးခွန်းများ | သတ်မှတ်အခကြေးငွေများနှင့်အညီ ပေးသွင်းရန် |

## အခန်း ၈

## အဝေးသင် သင်တန်းစာမေးပွဲ

**စာမေးပွဲ**

၂၄။ အတန်းတင်စာမေးပွဲကို ပညာသင်နှစ်(၁)နှစ်လျှင် (၁)ကြိမ်သာပြုလုပ်မည်။ နောက်ဆက်တွဲစာမေးပွဲနှင့် အရစ်ကျစာမေးပွဲများ မရှိပါ။

**ဖြေဆိုခွင့်**

၂၅။ စာမေးပွဲဖြေဆိုခွင့်ရရန် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(က) သင်တန်းဝင်ခွင့် ရရှိပြီးဖြစ်ခြင်း၊

(ခ) သိပ္ပံဘာသာတွဲသင်တန်းများသည် သိပ္ပံလက်တွေ့သင်တန်းကို ပညာရေးအဖွဲ့က သတ်မှတ်သည့်အတိုင်း ၇၅% တက်ရောက်ပြီးဖြစ်ခြင်း၊

(ဂ) သတ်မှတ်ထားသော Assignment များကိုဖြေဆိုထားပြီးဖြစ်ခြင်း၊

(ဃ) ပေးဆောင်ရမည့် သင်တန်းကြေးများ ပေးဆောင်ပြီးဖြစ်ခြင်း၊

(င) သတ်မှတ်သည့်အချိန်အတွင်း စာမေးပွဲဝင်ခွင့်လျှောက်လွှာ တင်သွင်းပြီးဖြစ်ခြင်း။

## အခန်း ၉

## အဝေးသင် သင်တန်းရေးရာကိစ္စရပ်များ

### ဆက်သွယ်ခြင်း

၂၆။ သင်တန်းသားတိုင်းသည် အဝေးသင် သင်တန်းတွင် ဘာသာပြောင်းလိုသည့်ကိစ္စ၊ ကျောင်းပြောင်းလိုသည့်ကိစ္စများကို မိမိသင်ကြားခွင့်ရရှိထားသော တက္ကသိုလ်၏ အဝေးသင် ဌာနခွဲများသို့သာ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရန် ဖြစ်သည်။

### ဆက်သွယ်ရန်လိပ်စာပြောင်းခြင်း

၂၇။ သင်တန်းသားတစ်ဦးသည် ဆက်သွယ်ရန်လိပ်စာပြောင်းတိုင်း လိပ်စာအသစ်အား မိမိတက်ရောက်နေသည့် တက္ကသိုလ်၏ အဝေးသင်ဌာနခွဲသို့ အမြန်ဆုံးအကြောင်းကြား မှတ်တမ်းတင်ရမည်ဖြစ်သည်။

### နုတ်ထွက်ခြင်း

၂၈။ အဝေးသင် သင်တန်း ဝင်ခွင့်ရရှိထားသူ တစ်ဦးသည် အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်လိုပါက ကျောင်းဝင်မှတ်ပုံတင်ပြီးမှသာ နုတ်ထွက်ခွင့်ကို သက်ဆိုင်ရာ တက္ကသိုလ်၏ အဝေးသင်ဌာနခွဲသို့ စာမေးပွဲမတိုင်မီ လျှောက်ထားရမည်။

## အခန်း ၁၀

## အဝေးသင် သင်တန်း သင်ကြားရေးအစီအစဉ်

၂၉။ ပြဋ္ဌာန်းသင်ရိုးများပေါ် အခြေခံ၍ Module ပုံစံဖြင့် ရှင်းလင်းချက်များ ပါဝင်သော ပို့ချချက်စာအုပ်များ၊ လေ့လာမှုလမ်းညွှန်စာအုပ်များ၊ သင်ခန်းစာပို့ချချက်များကို အသံသွင်း ရိုက်ကူးထားသည့် ဒီဗွီဒီအချပ်များနှင့် စာစဉ်မေးခွန်းများကိုဖြန့်ဖြူးပေးမည်။ သင်ခန်းစာများကို လေ့လာရာတွင် အထောက်အကူဖြစ်စေမည့် ရုပ်မြင်သံကြားသင်ခန်းစာ ပို့ချချက်များနှင့် ရေဒီယိုပို့ချချက် သင်ခန်းစာများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နေ့စဉ်ထုတ်လွှင့် ပြသပေးမည်။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ Website ဖြစ်သော www.yude.edu.mm မှတစ်ဆင့် ဘာသာရပ်အလိုက် သင်ခန်းစာပို့ချချက်များကို (၂၄)နာရီ အချိန်ပြည့် အခမဲ့ထုတ်လွှင့် ပြသပေးမည်ဖြစ်ပြီး သင်ခန်းစာပို့ချချက်များကို အဆိုပါ Website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ပို့ချချက်များကို အချိန်မရွေး ပြန်လည်ကြည့်ရှုနိုင်ရန်အတွက် download ပြုလုပ်ရန် စီစဉ် ပေးထားမည်။ သင်ခန်းစာ ပို့ချချက်များနှင့်စပ်လျဉ်း၍ မရှင်းလင်းသည်များကို ဆက်သွယ် မေးမြန်းနိုင်ရန် ဘာသာရပ်ပါမောက္ခများ၏ တယ်လီဖုန်း နံပါတ်များနှင့် e-mail လိပ်စာများကိုပါ အဆိုပါ Website တွင် ဖော်ပြထားသည်။

၃၀။ အဝေးသင် သင်တန်း ဝင်ခွင့်ရသူများသည် သင်ရိုးစာအုပ်များတွင် ဖော်ပြထားသည့် လေ့လာချိန်ကာလပြည့်မီစွာ လေ့လာနိုင်ရန်အတွက် ဝင်ခွင့်ရရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ် များရှိ အဝေးသင်ဌာနခွဲများသို့ သတ်မှတ်ရက်အတွင်း အခကြေးငွေများ ပေးသွင်းမှတ်ပုံတင်၍ သင်ရိုးညွှန်းတမ်းဆိုင်ရာ စာအုပ်စာတမ်းများ၊ သင်ခန်းစာ ပို့ချချက်များပါဝင်သည့် ဒီဗွီဒီအချပ် များနှင့် စာစဉ်မေးခွန်းများကို ထုတ်ယူရမည်။

၃၁။ ဘာသာရပ်များကို လေ့လာရာတွင် ပိုမိုထိရောက်စေရန် Assignment များကို ဖြေဆိုရပါမည်။ သိပ္ပံလက်တွေ့သင်တန်းများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များရှိ အဝေးသင်ဌာနခွဲများ၌ သတ်မှတ်ထားသည့် အစီအစဉ်အတိုင်း ပို့ချပေးပါမည်။ ပထမ နှစ်ဝက် Module အားလုံးအတွက် Assignment အားလုံးကို သတ်မှတ်ရက်တွင် တစ်ပေါင်းတည်း တင်သွင်းရပါမည်။ ဒုတိယနှစ်ဝက် Module အားလုံးအတွက် Assignment အားလုံးကို

သတ်မှတ်ရက်တွင် တစ်ပေါင်းတည်း တင်သွင်းရပါမည်။ Assignment များကို ကျောင်းသား ကိုယ်တိုင်ဖြေဆိုပြီး နောက်ဆုံးသတ်မှတ်ရက်အထိ မစောင့်ဆိုင်းဘဲ အတတ်နိုင်ဆုံးစော၍ ဖြေဆိုတင်သွင်းရမည်။

၃၂။ သိပ္ပံဘာသာရပ်များမှအပ ဝိဇ္ဇာ၊ ဥပဒေနှင့် စီးပွားရေးဘာသာရပ်များကို အနီးကပ် ပို့ချ သင်တန်းများဖြင့်လည်း ပို့ချမည်ဖြစ်ပါသည်။

၃၃။ **အဝေးသင် သင်တန်း ကျောင်းသား၊ ကျောင်းသူများ စာစဉ်ဖြေဆိုခြင်းနှင့် ပတ်သက်၍ အရေးပါသည့် လိုက်နာရန်အချက်များ-**

(က) အဝေးသင် သင်တန်း၏ သင်ကြားရေးစနစ်ဖြင့် သင်တန်းနှစ်အသီးသီး တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် စာစဉ်များကို မပျက်မကွက်(မပျက်မကွက်) မိမိကိုယ်တိုင် ဖြေဆိုပြီး တင်သွင်းကြရမည်။

(ခ) စာစဉ်များကိုဖြေဆိုပြီး သတ်မှတ်ရက်အတွင်း (စာစဉ်တင်သွင်းရန် နောက်ဆုံး ရက်မတိုင်မီ) အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက Inc (Incomplete)ဟု သတ်မှတ်ပြီး စာမေးပွဲကျရှုံးမည်။

(ဂ) စာစဉ်များကို သင်တန်းသားကိုယ်တိုင် လက်ရေးဖြင့် သတ်မှတ်စာစဉ် အဖြေလွှာများပေါ်တွင် ဖြေဆိုရန်၊ အခြားသူများကို ဖြေခိုင်းထားသည်ကို စစ်ဆေးတွေ့ရှိရပါက စာစဉ်အမှတ်များအတွက် လုံးဝအမှတ်ပေးမည် မဟုတ်ပါ။ စာမေးပွဲတွင် သင်တန်းသားဖြေဆိုသောလက်ရေးနှင့် တိုက်ဆိုင် စစ်ဆေးမည်ဖြစ်ပြီး ကွဲလွဲမှုရှိပါက စာစဉ်ဖြေဆိုမှုကို ပယ်ဖျက်မည်။

(ဃ) စာစဉ်များအတွက် ရရှိသောအမှတ်များကို စာမေးပွဲတွင်ရရှိသော အမှတ်များ နှင့်ပေါင်း၍ အအောင်အရှုံး စဉ်းစားဆုံးဖြတ်ပါမည်။

# အပိုင်း(ဂ)

## စာမေးပွဲတွင် မသမာသောနည်းအသုံးပြုဖြေဆိုခြင်းအတွက် အရေးယူခြင်း

၁။ တက္ကသိုလ်စာမေးပွဲများတွင် မသမာသောနည်းများကို အသုံးပြုရန် ကြိုးစားအားထုတ်ခြင်းနှင့် ကျူးလွန်ခြင်းများတွေ့ရှိပါက အောက်ပါအတိုင်း အရေးယူမည်-

(က) စာမေးပွဲအခန်းအတွင်း စစ်မေးသည့်ဘာသာရပ်ကို မသမာသောနည်းဖြင့် ဖြေဆိုရန် မှတ်စု၊ စာရွက်စာတမ်း၊ စာအုပ်နှင့် အခြားပစ္စည်းများ ယူဆောင်လာသည်ကို တွေ့ရှိပါက ကူးယူခြင်းမပြုရသေးစေကာမူ သက်ဆိုင်ရာကျောင်းသားအား စာမေးပွဲဖြေဆိုခွင့်ကို ရုပ်ဆိုင်း၍ ပညာသင်နှစ် (၁)နှစ်ကျောင်းမှ ထုတ်ပယ်မည်။

(ခ) ကျောင်းသားတစ်ဦးသည် စာမေးပွဲဖြေဆိုပြီး အဖြေလွှာကို သက်ဆိုင်ရာကြီးကြပ်ရေးမှူးထံ မအပ်နှံဘဲ စာမေးပွဲခန်းပြင်ပသို့ ယူဆောင်သွားကြောင်းတွေ့ရှိပါက သက်ဆိုင်ရာကျောင်းသားအား စာမေးပွဲဖြေဆိုခွင့်ကို ရုပ်ဆိုင်း၍ ပညာသင်နှစ်(၁)နှစ် ကျောင်းမှ ထုတ်ပယ်မည်။

(ဂ) ကျောင်းသားတစ်ဦးသည် မသမာသောနည်းလမ်းဖြင့် ဖြေဆိုကြောင်း အထောက်အထား ခိုင်လုံစွာတွေ့ရပါက ၎င်းအား စာမေးပွဲဖြေဆိုခွင့်ကို ရုပ်ဆိုင်းပြီး စာမေးပွဲဖြေသည့် ပညာသင်နှစ်နှင့် နောက်ထပ်(၁)နှစ် စုစုပေါင်း (၂)နှစ် ကျောင်းမှ ထုတ်ပယ်မည်။

(ဃ) ကျောင်းသားတစ်ဦးသည် အသင့်ဖြေဆိုထားသော စာရွက်များကို အစားထိုးလဲလှယ်ကြားညှပ်၍လည်းကောင်း၊ အသင့်ဖြေဆိုထားသော အဖြေလွှာစာအုပ်ချင်း လဲလှယ်၍လည်းကောင်း၊ မသမာသောနည်းဖြင့် စာမေးပွဲဖြေဆိုကြောင်းတွေ့ရှိရပါက စာမေးပွဲဖြေဆိုသည့် ပညာသင်နှစ်နှင့် နောက်ထပ်(၂)နှစ် စုစုပေါင်း (၃)နှစ် ကျောင်းမှထုတ်ပယ်မည်။

(င) ကျောင်းသားတစ်ဦးသည် မိမိဖြေဆိုပြီးသော အဖြေလွှာစာရွက်ကို အခြားကျောင်းသား တစ်ဦးအားပေး၍ ကူးယူခွင့်ပေးခြင်းနှင့် အခြားနည်းဖြင့်ကူညီခြင်းများကို တွေ့ရှိရပါက အဖြေလွှာ ကူညီလက်ခံရယူသော ကျောင်းသားနှင့် အဖြေလွှာ အကူအညီပေးသော ကျောင်းသား နှစ်ဦးစလုံးအား စာမေးပွဲ

ဖြေဆိုခွင့် ရပ်ဆိုင်းပြီး စာမေးပွဲဖြေသည့် ပညာသင်နှစ်နှင့် နောက်ထပ်(၂)နှစ် စုစုပေါင်း(၃)နှစ် ကျောင်းမှ ထုတ်ပယ်မည်။

(စ) ကျောင်းသားတစ်ဦးသည် စာမေးပွဲဖြေဆိုပြီးသွားသော အခြားကျောင်းသား တစ်ဦး၏ အဖြေလွှာကို မိမိအဖြေလွှာနှင့်လဲယူပြီး ထိုလဲယူထားသော အဖြေလွှာ ပေါ်၌ မိမိ၏ စာမေးပွဲခုံအမှတ်ကို ပြင်ဆင်ရေးသားထားကြောင်း တွေ့ရှိရပါက ထိုသို့ မသမာသောနည်းကို အသုံးပြုသော ကျောင်းသားအား စာမေးပွဲဖြေဆိုခွင့် ရပ်ဆိုင်း၍ အဆိုပါပညာသင်နှစ်နှင့် နောက်ထပ် (၃)နှစ် စုစုပေါင်း(၄)နှစ် ကျောင်းမှ ထုတ်ပယ်မည်။

(ဆ) ကျောင်းသားတစ်ဦးသည် စာမေးပွဲအခန်းအတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ ကြီးကြပ်သူ ဆရာ/ဆရာမများအား ရိုင်းပြစွာပြောဆို ဆက်ဆံခြင်း၊ ခြိမ်းခြောက် ခြင်း၊ နှောင့်ယှက်ခြင်းပြုမူခဲ့ပါက ထိုကျောင်းသားအား စာမေးပွဲဖြေဆိုခွင့် ရပ်ဆိုင်း၍ အဆိုပါပညာသင်နှစ်နှင့် နောက်ထပ်ပညာသင်နှစ် (၁)နှစ် စုစုပေါင်း (၂)နှစ် ကျောင်းမှထုတ်ပယ်မည်။

(ဇ) စာမေးပွဲတွင် လူစားဝင်ရောက်ဖြေဆိုကြောင်း စစ်ဆေးတွေ့ရှိပါက စာမေးပွဲ ဖြေဆိုခွင့်ကို ရပ်ဆိုင်းပြီး သက်ဆိုင်ရာ ကျောင်းသား၊ ကျောင်းသူအား စာမေးပွဲဖြေဆိုသည့် ပညာသင်နှစ်နှင့် နောက်ထပ် (၂)နှစ် စုစုပေါင်း (၃)နှစ် ကျောင်းမှထုတ်ပယ်မည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲထံ အကြောင်းကြားစာ ပေးပို့မည်။ လူစားဝင်ရောက် ဖြေဆိုပေးသူအားလည်း ထိရောက်စွာအရေးယူမည်။ လူစားဝင်ရောက်ဖြေဆိုပေးသူသည် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဖြစ်ပါက ၎င်းအားလည်း ပညာသင်နှစ် (၃)နှစ် ကျောင်းမှ ထုတ်ပယ်မည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲထံ အကြောင်းကြားစာပေးပို့မည်။ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားစာ ပေးပို့မည်။

(ဈ) စာမေးပွဲခန်းအတွင်း အဖြေလွှာဆုတ်ဖြဲခြင်း၊ မေးခွန်းလွှာဆုတ်ဖြဲခြင်းကို တွေ့ရှိ ပါက စာမေးပွဲဖြေဆိုခွင့်ကို ရပ်ဆိုင်းပြီး စာမေးပွဲဖြေသည့် ပညာသင်နှစ်နှင့် နောက်ထပ်(၁)နှစ် စုစုပေါင်း(၂)နှစ် ကျောင်းမှ ထုတ်ပယ်မည်။

## အပိုင်း(ဃ)

## တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာပြစ်မှုပြစ်ဒဏ်များ

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် အဝေးသင် သင်တန်း ကျောင်းသားကျောင်းသူများသည် တစ်ဖက်တွင် ဖော်ပြပါ ကျောင်းစည်းကမ်း ဖောက်ဖျက်မှုဆိုင်ရာ ပြစ်မှုများကို ကျူးလွန်ပါက ဖော်ပြပါ ပြစ်မှုပြစ်ဒဏ်ပြဇယားအတိုင်း လိုအပ်သလို အရေးယူဆောင်ရွက်မည်-

**ကျောင်းစည်းကမ်းဖောက်ဖျက်မှုဆိုင်ရာပြစ်မှုများ**

| အမှတ်စဉ် | ပြစ်မှုများ | ပြစ်ဒဏ်များ | |
|---|---|---|---|
| | | ပြင်းထန်စွာသတိပေးခြင်း | ကျောင်းမှထုတ်ပယ်ခြင်း |
| ၁ | မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများကို သုံးစွဲခြင်း/ထားသိုခြင်း/ ရောင်းချခြင်း/ ဖြန့်ဖြူးခြင်း | | ✔ |
| ၂ | ပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း | ✔ | ✔ |
| ၃ | နိုင်ငံပိုင်နှင့်ကျောင်းပိုင် အဆောက်အအုံများ၊ ပစ္စည်းများ ဖျက်ဆီးခြင်း/ခိုးယူခြင်း/ အဓမ္မယူခြင်း | | ✔ |
| ၄ | ဆရာမများ၊ ကျောင်းသူများအား ကာယိန္ဒြေပျက်ပြားအောင် ပြောဆိုခြင်း/ပြုမူခြင်း/ လုပ်ဆောင်ခြင်း | | ✔ |
| ၅ | ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အခြားပုဂ္ဂိုလ်များအား ဆဲရေးတိုင်းထွာခြင်း/ ကြိမ်းဝါးခြင်း/နှောင့်ယှက်ခြင်း | | ✔ |
| ၆ | ဆရာ၊ ဆရာမများက ဆိုဆုံးမသည်များကို မနာခံခြင်း | ✔ | ✔ |

| အမှတ်စဉ် | ပြစ်မှုများ | ပြစ်ဒဏ်များ | |
|---|---|---|---|
| | | ပြင်းထန်စွာ သတိပေးခြင်း | ကျောင်းမှ ထုတ်ပယ်ခြင်း |
| ၇ | ကျောင်းတွင်း၊ ကျောင်းပြင် လောင်းကစားမှု ကျူးလွန်ခြင်း | ✔ | ✔ |
| ၈ | စာသင်ခန်းအတွင်း/အပြင်၌သင်ကြားမှုကို အနှောင့်အယှက်ဖြစ်စေရန် ပြောဆိုခြင်း/ ပြုမူခြင်း/လုပ်ဆောင်ခြင်း | ✔ | ✔ |
| ၉ | ကျောင်းတွင်း/ကျောင်းပြင် ခိုက်ရန်ဖြစ်ပွားခြင်း | ✔ | ✔ |
| ၁၀ | ကျောင်းတွင်း/ကျောင်းပြင် အရက်သေစာ သောက်စားမူးယစ်ခြင်း | ✔ | ✔ |
| ၁၁ | ကျောင်းမှ အခါအားလျော်စွာ ချမှတ်ထားသော ကျောင်းစည်းကမ်းများကို မလိုက်နာခြင်း | ✔ | ✔ |
| ၁၂ | တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းထိခိုက်စေမည့်ကိစ္စရပ်များကို ပြောဆိုခြင်း/ ပြုမူခြင်း/လုပ်ဆောင်ခြင်း | ✔ | ✔ |